# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့ (28-12-2014) (၈၀၆၈)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)



# ရခိုင်ပြည်နယ်သည် ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းကောင်းများစွာရှိနေ

နေပြည်တော် ဒီဇင်ဘာ ၂၇

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် သံတွဲမြို့နယ်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ လူမှုကွန်ရက်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။** (အပေါ်ပုံ)

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေမှုများနှင့် နောင်အနာဂတ်ကာလများတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရန် ဒေသခံပြည်သူများနှင့် လက်တွဲ၍ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်ဓာတ်အားရရှိရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေးနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်နေမှုများ၊ သံတွဲခရိုင်အတွင်း လျှပ်စစ်မီးရရှိရေး ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

## တောင်သူလယ်သမားများ ချောင်လည်လာပြီး အလယ်အလတ်လူတန်းစားအဖြစ် မြင့်တက်လာမှ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ လွတ်မြောက်မည်

သတင်း စာမျက်နှာ - ၃

| | |
|---|---|
| ၁။ အကောင်းဆုံး မြန်မာ့ရုပ်ရှင် တေးဂီတဆု | စန္ဒရားတင်ဝင်းလှိုင် (ကြယ်စင်မော်ကွန်း) |
| ၂။ အကောင်းဆုံး မြန်မာ့ရုပ်ရှင် အမျိုးသမီးဇာတ်ပို့ဆု | ခိုင်သင်းကြည် (စုန်ပြူး) |
| ၃။ အကောင်းဆုံး မြန်မာ့ရုပ်ရှင် အမျိုးသားဇာတ်ပို့ဆု | မင်းဦး (နှင်စေရင်) |
| ၄။ အကောင်းဆုံး မြန်မာ့ရုပ်ရှင် ဒါရိုက်တာဆု | ဝိုင်း (စေတနာရဲ့ ကချေသည်) |
| ၅။ အကောင်းဆုံး မြန်မာ့ရုပ်ရှင် အမျိုးသမီးဇာတ်ဆောင်ဆု | ဝတ်မှုံရွှေရည် (နှင်စေရင်) |
| ၆။ အကောင်းဆုံး မြန်မာ့ရုပ်ရှင် အမျိုးသားဇာတ်ဆောင်ဆု | ပြေတီဦး (နှင်စေရင်) |

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး ယနေ့မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**




ဒေါ်စင်သီတာန် (မူလတန်းပြ)

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးပင်ဆေးဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မက မူလတန်းပြ ဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်မအိမ်ကနေ တွံတေးမြို့နယ် လာကပုံကျေးရွာလေးမှာ စာသွားသင်ရပါတယ်။ အဲဒီမူလတန်းကျောင်းကို ကားအဆင့်ဆင့် စီးပြီးသွားရပါတယ်။ နေပူထဲ သွားလာရတော့ အသားအရေတွေ နေလောင်ဒဏ်တော့ခံရပါတယ်။ ဒီကြားထဲ မျက်နှာက အဆီပြန် ဖုန်မှုန့်က ကပ်ပေါ့ရှင်။ ချွေးပေါက်တွေပိတ်တော့ ဝက်ခြံလည်းထွက်တယ်လေ။ ကံကောင်းချင်တော့ အစ်မတစ်ယောက်က ရွှေပြည်နန်း(၂)ဘူးပေးတယ်။ တစ်ဘူးက ကံ့ကော်ဝတ်ဆံသနပ်ခါး ၊ နောက်တစ်ဘူးက အသားဖြူသနပ်ခါး အစိမ်းဘူးလေးပေါ့။ ကံ့ကော်သနပ်ခါးကို နေ့ဘက်မှာလိမ်း၊ အသားဖြူသပ်ပရာသနပ်ခါးကို ညဘက်မှာလိမ်းလို့ဆိုပြီး အကြံဉာဏ်ပေးပါတယ်။ အဲ့ဒီလိုနဲ့ ကျွန်မ နေ့စဉ်ဂရုတစိုက် မှန်မှန်လိမ်းတာ (၂)ပတ်ကြာတော့ အဆီပြန်တာပျောက်သွားတယ်။ ဝက်ခြံလည်းပျောက်လာပါတယ်။ အသားကတင်းပြီး ဝင်းမွတ်လာပါတယ်။ သနပ်ခါးရနံ့ ကလည်း သင်းသင်းလေးမွှေးနေတော့ စိတ်ကြည်နူးမှုလည်းရပါတယ်။ သနပ်ခါးဘူးပေးတဲ့ အစ်မကို ကျေးဇူးတင်သလို ကောင်းမွန်တဲ့နည်းပညာနဲ့ ထုတ်လုပ်ပေးတဲ့ ရွှေပြည်နန်း သနပ်ခါးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ရွှေပြည်နန်းသနပ်ခါး အောင်မြင်ပါစေလို့...

ဒေါ်စင်သီတာန် (မူလတန်းပြ) အ.မ.က (မူလွန်) လာကပုံကျေးရွာ၊ တွံတေးမြို့နယ်။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်ခင်မာသန်း၊ မူလတန်းပြ၊ အ.လ.က(ခွဲ) ပန်းလှိုင်၊ တွံတေးမြို့နယ်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

အတွေးအမြင်

ကြေးမုံ စာတည်းရှုထောင့် ၂၈-၁၂-၂၀၁၄၊ တနင်္ဂနွေနေ့

# မြူတိမ်ကင်း၍ လမင်းသာ

နိုင်ငံတစ်ခုဖွံ့ဖြိုးမှုတွင် နည်းပညာသည် ရှေ့တန်းမှမားမားမတ်မတ်ရှိနေနိုင်မှ၊ နည်းပညာအားနည်းလျှင် နိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတသည်လည်း အလဟဿ အချည်းအနှီးဖြစ်သွားရသည်။ သယံဇာတမပေါကြွယ်သော်လည်း နည်းပညာအားကောင်းလျှင် ကမ္ဘာ့အလယ်ဝင့်ထည်တင့်တယ်လျက်ရှိနေသည်ကို အာရှ၏ ကျားများဖြစ်ကြသည့် စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဂျပန်တို့က ထောက်ခံချက်ပေးလျက်ရှိနေသည်။

အဆိုပါနိုင်ငံများ၏ ဖွံ့ဖြိုးမှုကိုသုံးသပ်ကြည့်လျှင် ပညာရေးကိုအလေးထား ဦးစားပေးကြောင်းတွေ့ရသည်။ ထို့ကြောင့်လည်း ပညာ၏အကျိုးကို ထိုက်ထိုက်တန်တန်ခံစားလာနိုင်ကြခြင်းဖြစ်သည်။ ပညာခေတ်ဟုသတ်မှတ်ထားသည့် ၂၁ရာစုတွင် ကမ္ဘာ့ရွာမှာ ဂုဏ်မငယ်တင့်တယ်နိုင်ဖို့ နိုင်ငံတိုင်း ပညာရေးကို ရှေ့တန်းတင်ဦးစားပေးလျက်ရှိနေကြသည်။ မိမိတို့နိုင်ငံလည်း အပါအဝင်ဖြစ်ပါသည်။

ပညာရေးတွင် အခြေခိုင်မာဖို့ အခြေခံပညာကို ဦးစားပေးကြရမြဲဖြစ်ပါသည်။

အစကောင်းမှ အနှောင်းသေချာစမြဲဖြစ်သည်။ အောက်ခြေအုတ်မြစ်ခိုင်မာမှ ပုံပေါ်လာမည့်အဆောက်အအုံ ကြံ့ခိုင်ထည်ဝါမှုရှိလာနိုင်ပါမည်။ အောက်သက်မကျေပါက သက်ရောက်မှုကောင်းမည်မဟုတ်ပါ။ အထူးသဖြင့် အခြေခံပညာရေး၏ အဦးအစ မူလတန်းပညာရေး။ “ကံ့ကူလက်လှည့်” စေတနာဆရာများ၏ ပန်းပျိုးလက်များပေါ်မှာ မူလတန်းပညာရေး ရှင်သန်ဖွံ့ဖြိုးမှု တည်မှီလျက်ရှိနေသည်။

နိုင်ငံတော်ကလည်း အခြေခံပညာရေးအားကောင်းမောင်းသန် ရှင်သန်ဖွံ့ဖြိုးနိုင်ရေးအတွက် ကလေးများပညာရေးတွင် မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ မူလတန်းပညာရေးကို အခမဲ့သတ်မှတ်ပေးခဲ့သည်။ တစ်ဖန် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အလယ်တန်းပညာရေးကို အခမဲ့သတ်မှတ်ပေးခဲ့ပြီး ကျောင်းသားမိဘများနှင့် ကျောင်းသားများအတွက် ပညာရေးတွင် ပူပင်စရာမရှိစေရေး နိုင်ငံတော်၏ စေတနာလုပ်ဆောင်ချက်များ ရှိနေသည်။

တစ်တိုင်းပြည်လုံး၏ နှစ်ရာခိုင်နှုန်းသော (ပညာရေးဝန်ထမ်းများအပါအဝင်) နိုင်ငံ့ဝန်ထမ်းတို့ကိုလည်း ၂၀၁၁ခုနှစ်မှစ၍ နှစ်စဉ် အပိုငွေကြေးထောက်ပံ့ခြင်း၊ လစာနှုန်းထားများပြင်ဆင်တိုးမြှင့်သတ်မှတ်ခြင်း၊ ပင်စင်လစာတိုးမြှင့်ခြင်းတို့ကို ချီးမြှင့်လာခဲ့သည်။ ထို့ပြင် နိုင်ငံ့ဝန်ထမ်းများအတွက် ကူညီပံ့ပိုးရေးဆိုင်ရာ အစီအမံများတွင် လစာတိုးမြှင့်ခြင်းနည်းလမ်းတစ်ခုတည်းမဟုတ်ဘဲ လူတစ်ဦးချင်းဝင်ငွေစုဆောင်းပေးမည့် စနစ်ဖြင့် ဝန်ထမ်းများ ကိုယ်ပိုင်အိမ်များဖြင့်နေနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြသည်။ ထို့အပြင် ဝန်ထမ်းသားသမီးများ၏ ပညာရေး၊ ကျန်းမာရေးကအစ ပူပင်စရာမလိုသော စိတ်ချမ်းမြေ့ဖွယ်လူမှုဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးဖော်ဆောင်နိုင်ရန်လည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


နိုင်ငံတော်မှ ကလေးများပညာရေးအတွက် ဘက်ပေါင်းစုံမှစီမံဆောင်ရွက်ပေးနေပြီဖြစ်သလို မိဘများအတွက်လည်း သားသမီးများ ပညာရေးတွင် ဝန်ထုပ်ဝန်ပိုးများလျော့နည်းလာနေပြီ။ သင်ကြားပြသပေးသူဆရာများအတွက်လည်း ဝန်ထမ်းတစ်ဦး၏ ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ဖို့ အစီအမံများချမှတ် အကောင်အထည်ဖော်လျက်ရှိနေရာ အခြေခံပညာ၏ ပင်မဒေါက်တိုင်သုံးချောင်းဟုတင်စားသည့် “မိဘ၊ ဆရာ၊ ကျောင်းသား” သုံးနားညီတြိဂံပညာရေး အခြေခိုင်မာဖွံ့ဖြိုးလာမည်မှာ အမှန်ဖြစ်ပါသည်။

“မိဘ၊ ဆရာပူးပေါင်း၊ သားသမီးပညာကောင်း” ဆိုစကားနှင့်အညီ မိဘနှင့်ဆရာတက်ညီလက်ညီနှင့်တစ်နည်း “ပခက်လွှဲလက်၊ ပန်းပျိုးလက်များ ဟန်ချက်ညီလျက် ပူးပေါင်းလုပ်ဆောင်မှု”သည် ကလေးများပညာဖွံ့ဖြိုးရေးအတွက် ကြီးစွာအထောက်အကူဖြစ်စေပါလိမ့်မည်။ နိုင်ငံတော်ကလည်း ပညာရေးမြှင့်တင်ရေးအတွက် အလေးထားပံ့ပိုးပေးနေပြီဖြစ်ရာ အနာဂတ်မြန်မာနိုင်ငံပညာရေးမှာ “မြူတိမ်ကင်း၍ လမင်းသာ”လောကဝန်းကျင်ကို ငြိမ်းချမ်းစွာ အလှဆင်လာတော့မည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။



ဒီဇင်ဘာ ၂၇ ရက်က ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသော အမေရိကန်အခြေစိုက် Silversea ကုမ္ပဏီမှ M.V Silver Winds ကမ္ဘာလှည့်ခရီးသည်တင် သင်္ဘောတစ်စင်းကို တွေ့ရစဉ်။ (အဆိုပါ သင်္ဘောပေါ်တွင် အမေရိကန်နှင့် ဥရောပနိုင်ငံသားများ အများဆုံးပါရှိပြီး ကမ္ဘာလှည့်ခရီးသည် ၂၇၀ လိုက်ပါလာကြကာ ရန်ကုန်မြို့တစ်ဝိုက်၊ ပဲခူး၊ ပုဂံနှင့် မန္တလေးမြို့တို့သို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။)

ဓာတ်ပုံ- ဇော်မင်းလတ်





## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ကတ္တရာလမ်း နှစ်မိုင်၊ ကျောက်ချောလမ်း ခုနစ်မိုင်၊ မြေသားလမ်း ၂၁ မိုင်၊ တံတား ၂၆၅ ပေ၊ ရေပြွန် ပေ ၁၄၀ စုစုပေါင်း လမ်းမိုင် ၃၀၊ တံတား ၄၀၅ ပေကို ငွေကျပ် ၉၉၁ ဒသမ ၄၇ သန်း၊ ကျေးရွာ ၁၅ ရွာတွင် လက်တူး တွင်း ခုနစ်တွင်း၊ တွင်းတိမ် နှစ်တွင်း၊ စိမ့်စမ်းငါးခု၊ အခြားတစ်ခုကို ငွေကျပ် ၁၃၇ ဒသမ ၇၇ သန်း၊ ကျေးရွာ ခုနစ်ရွာတွင် ကျေးလက် မီးလင်းရေးအတွက် အိမ်ခြေ ၉၈၄ အိမ်ကို ဆိုလာမီး တပ်ဆင်ရေးအတွက် ငွေကျပ် ၁၈၄ ဒသမ ၉၉၂ သန်း စုစုပေါင်း ကျပ် ၁၃၁၄ ဒသမ ၂၃၂ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၁၂-၂၀၁၄ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၈း၂၅ | ကလေးတို့ကမ္ဘာ |
| ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ကျွန်တော့်ရဲ့နှလုံးသား” (အပိုင်း-၆၂) |
| ၁၁း၀၅ | Star တို့ရဲ့လက်ရာ |
| ၁၁း၅၅ | Weekly Sports Diary |
| ၁း၀၀ | “ဝေဖန်ပြုပါကံလေးဖြာ” တရားတော်[အရှင်သုနန္ဒ(ဓမ္မရံသီဆရာတော်)] |
| ၂း၂၀ | ၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနား |
| ၅း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အမှန်တရားရဲ့အရိပ်”(အပိုင်း-၇) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ” (အပိုင်း-၉၅) |
| ၈း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ကျွန်တော့်ရဲ့နှလုံးသား” (အပိုင်း-၆၃) |
| ၉း၅၅ | MRTV-4 Stage |



ပြည်တွင်းရေးရာ

# အများစုဖြစ်သည့် တောင်သူလယ်သမားများ ချောင်လည်လာပြီး သုံးစွဲနိုင်သည့်အလယ်အလတ် လူတန်းစားအဖြစ် မြင့်တက်လာမှသာ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ လွတ်မြောက်နိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၉၀) ပြည့် နဝရတ်ရတုအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်နှင့် တာဝန်ရှိသူများက နှစ်(၉၀)ပြည့် နဝရတ်ရတု အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဤရေဆင်းတက္ကသိုလ်၏သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၂၄ ခုနှစ်တွင် စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်အဖြစ် မန္တလေးမြို့၌စတင်ဖွင့်လှစ်ပြီး သင်တန်းကာလ သုံးနှစ်ဖြင့် ဒီပလိုမာဘွဲ့ကို စတင်အပ်နှင်းခဲ့သည်ဟု သိရှိခဲ့ရပါကြောင်း။

၁၉၇၃ ခုနှစ်တွင် ရေဆင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် စိုက်ပျိုးရေး မဟာသိပ္ပံဘွဲ့သင်တန်းကို စတင်သင်ကြားပို့ချပေးခဲ့ပါကြောင်း၊ ၁၉၉၈ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး နောက်ပိုင်း၌ စိုက်ပျိုးရေးသိပ္ပံပါရဂူဘွဲ့သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

နှစ်ပေါင်း(၉၀) သက်တမ်းရှိပြီး မြန်မာနိုင်ငံ၏တစ်ခုတည်းသော စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ ထို့ပြင် ဤစိုက်ပျိုးရေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် စိုက်ပျိုးရေးပညာရှင်များသည်လည်း ထောင်သောင်းမက ရှိပြီဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ မွေးထုတ်ပေးလိုက်သည့် ထောင်သောင်းမကသောစိုက်ပျိုးရေးပညာရှင်များ အရေအတွက်များများ လိုအပ်နေသကဲ့သို့ အရည်အသွေးထိန်းသိမ်းရန်နှင့် မြင့်တက်ရန်လည်း လိုအပ်ပါကြောင်း။

အခြားသော ဘာသာရပ်များနည်းတူ စဉ်ဆက်မပြတ်လေ့လာသင်ကြားနေရန်၊ တစ်သက်တာလုံးထိတွေ့လေ့ကျင့်နေရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်တစ်ခုတွင် ဘွဲ့တစ်ခု၊ နှစ်ခုရပြီဆိုသည်နှင့် အသက်မွေးပညာ တတ်မြောက်ပြီ၊ အရာရာကိုအောင်နိုင်ပြီဟု မဆိုနိုင်ပါကြောင်း၊ တက္ကသိုလ်မှပေးလိုက်သည့်ဘွဲ့၊ ပညာရပ်ဆိုသည်မှာ လက်တွေ့လူ့လောကအတွက် အခြေခံလိုအပ်ချက်များကို သင်ကြားပေးလိုက်ခြင်းသာဖြစ်ပါကြောင်း၊ လက်တွေ့ဘဝ လုပ်ငန်းလုပ်ကိုင်သည့်အခါ လုပ်ငန်းအတွေ့အကြုံများ၊ လုပ်ငန်းနှင့် ရင်းနှီးထိတွေ့မှုပညာရပ်များ များစွာလေ့လာသင်ကြားရမည်ဖြစ်သည်ဟု ဆိုကြပါကြောင်း။

ပညာရေးကဏ္ဍမှပညာရှင်များနှင့် လက်တွေ့လုပ်ကိုင်နေသော လုပ်ငန်းရှင်ကြီးများ၏ ဆွေးနွေးပြောဆိုမှုများအရ ယနေ့တက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သည့် ပညာရှင်ဘွဲ့ရများသည် လက်တွေ့ဆောင်ရွက်နေသည့်လုပ်ငန်းများ၏ လုပ်သားပညာရှင်လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိဟု ဆွေးနွေးသုံးသပ်ကြပါကြောင်း။

တက္ကသိုလ်ဘွဲ့ရများသည် မိမိနှင့်သင့်တော်သည့်အလုပ်အကိုင်များ ရရှိရေးအတွက် ရှာဖွေနေရသကဲ့သို့ လုပ်ငန်းရှင်များဘက်ကလည်း မိမိလုပ်ငန်းနှင့်သင့်တော်သည့်ဘွဲ့ရသူများ ရရှိရေးကို ရှာဖွေနေရပါကြောင်း၊ တက္ကသိုလ်ဘွဲ့ရများသည် သင့်တော်သည့်အလုပ်အကိုင်မရရှိကြသကဲ့သို့ လုပ်ငန်းရှင်များကလည်း လုပ်ငန်းနှင့်သင့်တော်သည့်ဘွဲ့ရများကို ရှာမရဖြစ်နေသည်ဟု ပြောဆိုသည့်အတွက် ပညာရေးကဏ္ဍအသီးသီးမှ မွေးထုတ်ပေးလိုက်သည့် ပညာရှင်နှင့်လုပ်ငန်းလိုအပ်ချက်မကိုက်ညီသဖြင့် သင်ရိုးညွှန်းတမ်းများကို ပြန်လည်လေ့လာပြင်ဆင်သင့်သည်ဟုလည်း သုံးသပ်နေကြပါကြောင်း။

ယခုစိုက်ပျိုးရေးတက္ကသိုလ်ကြီးပေါ်ပေါက်လာသည်မှာ ရာစုနှစ်တစ်ခုနီးပါးရှိခဲ့ပြီးတက္ကသိုလ်ကြီးမှ မွေးထုတ်ပေးလိုက်သည့် ပညာရှင်များသည်လည်း သင့်တော်သော အရေအတွက်တစ်ခုရရှိနေပြီဖြစ်ပါကြောင်း၊ သို့သော် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ယနေ့ထိ နိုင်ငံတကာအဆင့်သို့ မတက်လှမ်းနိုင်ခြင်းသည် မည်သည့်နေရာတွင် လိုအပ်နေသည်ကို နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးပညာရှင်၊ စိုက်ပျိုးရေးလုပ်ငန်းရှင်၊ တောင်သူလယ်သမား၊ သီးနှံ၏ ဈေးကွက်လက်ရှိ ရှိကြသူများ အားလုံးပါဝင်ဆွေးနွေးသင့်ပါကြောင်း။

မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် မြေအရင်းအမြစ်ပေါ်များကြွယ်ဝသော်လည်း မျှော်မှန်းထားသလောက် အကျိုးရှိအောင်အသုံးမပြုနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အတူမြစ်ချောင်း၊ အင်းအိုင်များ များပြားနေသလောက် ရေများကို တစ်နှစ်ပတ်လုံးအကျိုးရှိအောင် အသုံးမပြုနိုင်သည်ကိုလည်း တွေ့ရပါကြောင်း၊ သဲကန္တာရနိုင်ငံများတွင် ရေရှားပါးသော်လည်း ရေကို တစ်စက်ချင်းအသုံးပြုနိုင်သည့်အတွက် စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းသည့် နိုင်ငံများဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း။

ယင်းနိုင်ငံများသို့ မိမိတို့နိုင်ငံမှ သွားရောက်အလုပ်လုပ်၊ ပညာသင်ကြားကြသည်ကို တွေ့ရှိရသည့်အတွက် ထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါကြောင်း၊ အများစုမှာ ဆင်းရဲကြပါကြောင်း၊ မိရိုးဖလာစိုက်ပျိုးနည်းကိုသာ အသုံးပြုခြင်း၊ စိုက်ပျိုးရေးအတွက် မိုးရေကိုသာအားထားခြင်း၊ ခေတ်မီစိုက်ပျိုးရေးဆိုင်ရာ ပညာဗဟုသုတနည်းပါးခြင်း၊ တိုးချဲ့ရန် အရင်းအနှီးနည်းပါးခြင်း၊ နေထိုင်ရာဒေသ၏ အခြေခံအဆောက်အအုံမဖွံ့ဖြိုးခြင်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းများသင့်တော်သည့်ဈေးနှုန်းမရရှိခြင်း စသည့်အချက်များသည် တောင်သူလယ်သမားများ ဆင်းရဲသံသရာတွင် တဝဲလည်လည်ဖြစ်ရသည့် အကြောင်းအရင်းအချို့ဖြစ်ပါကြောင်း။

အများစုဖြစ်သည့် တောင်သူလယ်သမားများ ချောင်လည်လာပြီး သုံးစွဲနိုင်သည့်အလယ်အလတ် လူတန်းစားအဖြစ် မြင့်တက်လာမှသာ မြန်မာနိုင်ငံသည်လည်း ဆင်းရဲသည့် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ လွတ်မြောက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝမြင့်တက်လာရေး၊ နိုင်ငံဆင်းရဲနွမ်းပါးမှုနှုန်းကျဆင်းလာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆည်မြောင်းတာတမံများနှင့် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးသီးနှံများတစ်ဧကအထွက်နှုန်း တိုးတက်လာအောင် ပညာပေးခြင်း၊ ပေါင်းစည်းလယ်ယာများ၏ အကျိုးကျေးဇူးများကို လက်တွေ့သရုပ်ပြသပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကလည်း လိုအပ်သည့်ဒေသ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာအောင် ကြိုးပမ်းလုပ်ဆောင်ပေးလျက်ရှိပါကြောင်း။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးပညာရှင်များ လေ့ကျင့်မွေးထုတ်ရာ ဤတက္ကသိုလ်ကြီး၏ လက်အောက်ခံအခြားသော တက္ကသိုလ်ခုနစ်ခုကို တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်သင်ကြားပေးနေပါကြောင်း၊ နိုင်ငံတကာအဆင့်မီအောင် အာရှဒေသအတွင်းရှိသည့် နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ တောင်အမေရိကတိုက်၊ ဩစတြေးလျနိုင်ငံများနှင့်ချိတ်ဆက်နိုးနှောလေ့လာနေသည်ကို အားရဖွယ်တွေ့ရှိပါကြောင်း၊ ထို့ကြောင့် ပြောင်းလဲလာသည့် ခေတ်သစ်စနစ်သစ်နှင့်အညီ နိုင်ငံတော်၏ လိုအပ်ချက်၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင် လူတော်လူကောင်းများ ဆက်လက်မွေးထုတ်နိုင်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးတက္ကသိုလ် ဂုဏ်ထူးဆောင် နာယက၊ ဘွဲ့ရကျောင်းသားဟောင်း ဒေါက်တာချစ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်နှင့် ကိုရီးယားနိုင်ငံ မုတ်ပိုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဂျောင်ဟွန်မွန်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများဖြစ်သော စိုက်ပျိုးရေးတက္ကသိုလ် ဂုဏ်ထူးဆောင်နာယက ဒေါက်တာချစ်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့အား ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စိုက်ပျိုးရေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ပါမောက္ခချုပ် ဒေါက်တာ ဆလိုင်းထွန်းသန်း၊ ဦးတင်နိုင်၊ ဒေါက်တာကျော်သန်း၊ ဒေါက်တာမြင့်သောင်း၊ ဒေါက်တာတင်ထွဋ်နှင့် ဒေါက်တာမျိုးကြွယ်တို့အား ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကိုရီးယားနိုင်ငံမုတ်ပိုတက္ကသိုလ်မှ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ၊ ပါမောက္ခချုပ်များ၊ အထူး ဖိတ်ကြားထားသူများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်း၍ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စု ဝန်ကြီးများသည် စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၉၀)ပြည့် နဝရတ်ရတု အထိမ်းအမှတ်သစ်ပင်များအား စိုက်ပျိုးပေးကြပြီး ရေဆင်းတက္ကသိုလ်ဝင်းအတွင်း၌ ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း စိုက်ပျိုးရေး တက္ကသိုလ် နှစ်(၉၀) ပြည့် နဝရတ်ရတု အထိမ်း အမှတ် သစ်ပင်အား စိုက်ပျိုး ပေးစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရေဆင်းတက္ကသိုလ်ဝင်းအတွင်း၌ ခင်းကျင်းပြသထားသည့် အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

# တရုတ်နှင့်ဗီယက်နမ် တောင်တရုတ်အရေး အပြုသဘောဆွေးနွေးမည်

**ဟနွိုင်း ဒီဇင်ဘာ ၂၇**

တရုတ်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့၏ နှစ်နိုင်ငံယုံကြည်မှုကို တိုးမြှင့်ရန်နှင့် တောင်တရုတ်ပင်လယ်နယ်မြေပိုင်ဆိုင်မှုအရေး အငြင်းပွားမှုကို ကောင်းမွန်စွာဖြေရှင်းနိုင်ရန် တရုတ်နိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင် Yu Zheng sheng နှင့် ဗီယက်နမ်နိုင်ငံခေါင်းဆောင်များက ဗီယက်နမ်နိုင်ငံတွင် ယနေ့တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

"ဒီခရီးစဉ်ဟာ နှစ်နိုင်ငံယုံကြည်မှုကိုတိုးမြှင့်ဖို့နဲ့ နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေဖို့ ရည်ရွယ်ပါတယ်။ ဒါ့အပြင် တောင်တရုတ်ပင်လယ်အရေးကိုလည်း ပိုမိုကောင်းမွန်အောင် ကိုင်တွယ်ဖြေရှင်းဖို့နဲ့ အခြားကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်ကောင်းမွန်အောင်လုပ်ဖို့လည်းရည်ရွယ်ပါတယ်"ဟုတရုတ်နိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအမြဲတမ်းကုမ္ပဏီဝင် Yu Zheng sheng က ဗီယက်နမ်နိုင်ငံ၏ဗီအက်ဖ်အက်ဖ်ဗဟိုကော်မတီဥက္ကဋ္ဌနှင့်ဗီယက်နမ်နိုင်ငံတွင် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

"တောင်တရုတ်ပင်လယ်အရေးဟာ အလွန်ရှုပ်ထွေးတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး နှစ်နိုင်ငံအနေနဲ့ တွေ့ဆုံညှိနှိုင်းမှုတွေလုပ်ဖို့လိုတယ်။ စာရွက်စာတမ်းတွေ၊ ထုတ်ပြန်ချက်တွေနဲ့ အပြန်အလှန်ဆက်ဆံနေတာဟာ နှစ်နိုင်ငံပြည်သူတွေရဲ့စိတ်သဘောထားကို တင်းမာစေတယ်။ ဒါကြောင့် အဲဒီလိုဆက်ဆံမှုမျိုးကို ရှောင်သင့်ပါတယ်"ဟု ၎င်းကပြောသည်။

"ဗီယက်နမ်အနေဖြင့် တောင်တရုတ်အရေးကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး အပြုသဘောဆွေးနွေးဖို့ အဆင်သင့်ပါပဲ။ ညှိနှိုင်းမှုများကို ကြိုဆိုပါတယ်" ဟု ဗီယက်နမ်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားသည်။



တရုတ်နိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင် Yu Zheng sheng (ဝဲ)နှင့် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း(ယာ)တို့ တွေ့ဆုံနှုတ်ဆက်စဉ်။

(၆၅)နှစ်ပြည့်တော့မည်ဖြစ်သည့် နှစ်နိုင်ငံ၏သံတမန်ဆက်ဆံရေးကို အခွန့်ရှည်တည်တံ့စေရန် နှစ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် လုပ်ဆောင်ရန် တရုတ်နိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင် Yu Zheng sheng က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

*ဆင်ဟွာ။*

## အသေခံဗုံးခွဲရန် ခိုင်းစေခြင်းခံရသော မိန်းကလေး အသက်ဘေးမှ လွတ်မြောက်

**ကာနို ဒီဇင်ဘာ ၂၇**

(၁၃) နှစ်အရွယ်မိန်းကလေးတစ်ဦးက ဘိုကိုဟာရမ်သူပုန်များ၏ နိုင်ဂျီးရီးယားနိုင်ငံ ဈေးတစ်နေရာတွင် အသေခံဗုံးဖောက်ခွဲရန် ခိုင်းစေမှုကို ငြင်းဆန်ခဲ့ပြီး ရဲအရာရှိများထံ ဖမ်းဆီးခြင်းခံခဲ့ကြောင်း စကိုင်းနယူးစ်က ယနေ့ ဖော်ပြထားသည်။

"အဖေက အစ္စလာမ္မစ်စစ်သွေးကြွတွေလက်ထဲ ကျွန်မကို အပ်နှင်းခဲ့တာပါ။ ကျွန်မ အသေခံဗုံးဖောက်ခွဲရေးသမားမဖြစ်ချင်ပါဘူး" ဟုဇာဟာရာ အူအဒမ်ကပြောသည်။

"ဘိုကိုဟာရမ်တွေက ကျွန်မကို ဗုံးတွေပါတဲ့ ခါးပတ်ကို ပတ်ခိုင်းခဲ့ပါတယ်။ ပြီးတော့ သူတို့ခိုင်းတာကိုငြင်းရင် အရှင်လတ်လတ်မြေမြှုပ်ပစ်မယ်" လို့ ခြိမ်းခြောက်ခဲ့တယ်"ဟု ၎င်းကဆိုသည်။

ဘိုကိုဟာရမ်များက ဇာဟာရာအူအဒမ်ကို အခြားသောအသေခံဗုံးဖောက်ခွဲသမား မိန်းကလေးနှစ်ဦးနှင့်အတူ ကာနိုမြို့ ဈေးတစ်နေရာသို့ ခေါ်ဆောင်သွားခဲ့ကြောင်းနှင့် ဒီဇင်ဘာ ၁၀ ရက်တွင် အဆိုပါမိန်းကလေးနှစ်ဦးက လူထူထပ်သောဈေးနေရာတွင် အသေခံဗုံးဖောက်ခွဲခဲ့ရာ လူ လေးဦး သေဆုံးခဲ့ကြောင်း ၎င်းကပြောသည်။

ဇာဟာရာအူအဒမ်အနေဖြင့် သူနှင့်အတူလိုက်ပါလာသော မိန်းကလေးနှစ်ဦး၏ အသေခံဗုံးခွဲသည့်မြင်ကွင်းကို မြင်ပြီး ကြောက်ရွံ့ခဲ့သဖြင့် အသေခံဗုံးဖောက်ခွဲရန် မဝံ့မရဲဖြစ်ကာ ငြင်းဆန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘိုကိုဟာရမ်သူပုန်များက နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက်တွင် အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရန် လွန်ခဲ့သော ငါးနှစ်ကစပြီး တိုက်ခိုက်ရေးများဆင်နွှဲနေပြီး အထူးသဖြင့် အသေခံဗုံးခွဲမှုများတွင် မိန်းကလေးငယ်များကို ပိုမိုအသုံးချလာကြောင်းသိရသည်။ *စကိုင်းနယူးစ်။*

# ယူကရိန်းအစိုးရနှင့် ပုန်ကန်သူများ အကျဉ်းသားချင်းလဲလှယ်



**ဒွန်းတက်(ယူကရိန်း) ဒီဇင်ဘာ ၂၇**

ယူကရိန်းအာဏာပိုင်များနှင့် ရုရှားလိုလားသော ပုန်ကန်သူများသည် အကျဉ်းသား ၃၇၀ နီးပါးကိုသောကြာနေ့တွင် လဲလှယ်ခဲ့ကြရာ နိုင်ငံအရှေ့ပိုင်းတွင် ရန်လိုမှုများကို လျှော့ပါးသွားစေမည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

ယူကရိန်းအစိုးရဘက်က ပုန်ကန်သူအကျဉ်းသား ၂၂၂ ဦးကို လွှဲပြောင်းပေးအပ်ပြီး ပုန်ကန်သူများက အစိုးရတပ်ဖွဲ့ဝင် အကျဉ်းသား ၁၄၆ ဦးကို ပြန်လည်လွှဲပြောင်းပေးအပ်သည်ဟု ရုရှားသတင်းဌာန အာအိုင်အေနိုဗော့စ်တီက ဖော်ပြသည်။

နိုင်ငံအရှေ့ပိုင်းတွင် ဧပြီလမှစ၍ ရုရှားလိုလားသူများ၏ သောင်းကျန်းမှုပေါ်ပေါက်လာပြီးကတည်းက ယခုအကျဉ်းသားချင်း လဲလှယ်ခြင်းသည် အကြီးမားဆုံးဖြစ်သည်။

ယူကရိန်းသမ္မတ ပီထရိုပိုရိုရှင်ကို၏ ပြောရေးဆိုခွင့်ရှိသူ ဆမ်ယာတိုစလပ်တီဂိုလ်၏ ပြောကြားချက်များကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်မှာ သောကြာနေ့တွင် ယူကရိန်းအကျဉ်းသား ၁၄၆ ဦးကို လွှတ်ပေးခဲ့ပြီး စနေနေ့တွင် လေးဦးထပ်မံလွှတ်ပေးမည် ဖြစ်သည်။

ယူကရိန်းတာဝန်ရှိသူတစ်ဦး၏ စောစောပိုင်း ကြေညာချက်တွင် ယူကရိန်းအကျဉ်းသား ၁၅၀ လွှတ်မည်ဟု ထုတ်ပြန်ထားခဲ့သည်။

ရာပေါင်းများစွာသော အကျဉ်းသားများကို ယခင်လများက လွှတ်ပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံအရှေ့ပိုင်းတွင် အစိုးရတပ်ဖွဲ့များ၊ အပျော်တမ်းတပ်ဖွဲ့များနှင့် ရုရှားလိုလားသော ပုန်ကန်သူများအကြား တိုက်ပွဲများဖြစ်ရာတွင် နွေဦးရာသီကတည်းက သေဆုံးသူအရေအတွက်မှာ ၄၇၀၀ ကျော်သွားပြီဖြစ်သည်။

ယူကရိန်း၊ ရုရှား၊ ပုန်ကန်သူများနှင့် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအက်စ်စီအီး) တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အကျဉ်းသားချင်းဖလှယ်ရေးကို သဘောတူခဲ့ကြခြင်းဖြစ်သည်။

နှစ်ဖက်လုံး၌ ထိန်းသိမ်းထားသော အကျဉ်းသားအရေအတွက်ကို တိတိကျကျ မသိရသော်လည်း ယူကရိန်းစစ်ဘက်က ၎င်း၏ တပ်ဖွဲ့ဝင် ၆၀၀ ခန့်သည် ပုန်ကန်သူများ၏ လက်တွင်ရှိကြောင်း ယခုလစောစောပိုင်းက ပြောခဲ့သည်။ *ဘီဘီစီ။*

# ပနားမားတူးမြောင်းတိုးချဲ့မှုကုန်ကျစရိတ်ပြဿနာရင်ဆိုင်နေရ

**ပနားမားစီးတီး ဒီဇင်ဘာ ၂၇**

ပနားမားတူးမြောင်းကို တိုးချဲ့ဖောက်လုပ်လျက်ရှိရာတွင် ကုန်ကျစရိတ် ကြီးလေးလာသည့်ပြဿနာကို တူးမြောင်းအာဏာပိုင်အဖွဲ့ ရင်ဆိုင်လာရကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားကြသည်။

ပနားမားတူးမြောင်း၏ တတိယမြောက်ရေပြင်ညှိတံခါး တည်ဆောက်နေသော လုပ်ငန်းအုပ်စုက မူလလျာထားချက်ထက် ကျော်လွန်ကာ ကုန်ကျစရိတ်အတွက် နောက်ထပ်ငွေကြေး တောင်းခံမှုများ ပြုလုပ်လာကြောင်း တူးမြောင်းအုပ်ချုပ်ရေးမှူး ဂျော့ဂျ်ကွေဂျာနိုက သတင်းထောက်များကို ပြောကြားသည်။ ယင်းငွေကြေးတောင်းခံမှုများနှင့် စပ်လျဉ်း၍ ယုတ္တိရှိ၊ မရှိ သိရှိနိုင်ရန် မိမိတို့ လေ့လာသုံးသပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



တူးမြောင်း၏ ရေပြင်ညှိတံခါးကို တည်ဆောက်ရာတွင် ကနဦးအနေဖြင့် ဂိတ်တံခါးအလေးချိန် ၃၅၀၀၀ တန်ရှိရန် သတ်မှတ်ထားသော်လည်း တန်ချိန် ၅၅၀၀၀ အထိ တည်ဆောက်ရန် လိုအပ်သည်ဟုဆိုကာ ကုန်ကျစရိတ် ဒေါ်လာ ၃၃၃ သန်းကို ထပ်မံတောင်းခံခဲ့သည်။

ပနားမားတူးမြောင်း၏ ပစိဖိတ်သမုဒ္ဒရာဘက်ခြမ်းတွင် တည်ဆောက်ရေးလုပ်ငန်းအတွက် စတုတ္ထမြောက်မြေတူးဖော်မှုလုပ်ငန်း နှောင့်နှေးကြန့်ကြာမှုရှိခဲ့သည်ဟုဆိုကာ ကုန်ကျစရိတ်ဒေါ်လာ ၄၀၄ သန်း ထပ်ဆောင်းပေးရန် ကုမ္ပဏီအုပ်စုက တောင်းဆိုခဲ့ကြောင်း တူးမြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။ ပနားမားတူးမြောင်းသည် ကာရစ်ဘီယန်ပင်လယ်မှတစ်ဆင့် အတ္တလန္တိတ်သမုဒ္ဒရာကို ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်နွှယ်နိုင်သည့် ရေကြောင်းလမ်းတွင် အရေးပါသည်။ *ပီတီအိုင်။*

## အမြန်ရထားပေါ် အရက်ရောင်းချပေးမှု အဆုံးသတ်ရန် တူရကီရထားကုမ္ပဏီဆုံးဖြတ်

**အန်ကာရာ ဒီဇင်ဘာ ၂၇**

တူရကီနိုင်ငံ မြို့တော်အန်ကာရာနှင့် နိုင်ငံအနောက်ပိုင်းရှိ အက်စကီဆီယာမြို့အကြား ခုတ်မောင်းပေးသော ရထားများပေါ် တွင် အရက်ရောင်းချမှုကို အဆုံးသတ်ရန် သက်ဆိုင်ရာ ရထားလုပ်ငန်းကုမ္ပဏီက ဆုံးဖြတ်လိုက်ရာ ယင်းနိုင်ငံ၏ အမြန်ရထားများပေါ်၌ အရက်ရောင်းချပေးမှု လုံးဝရှိတော့မည် မဟုတ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အန်ကာရာ-အက်စကီဆီယာမြို့အကြား ခုတ်မောင်းပေးသည့် ရထားခရီးစဉ်သည် တူရကီနိုင်ငံ၏ နောက်ဆုံးလက်ကျန်တစ်ခုတည်းသော အမြန်ရထားခရီးစဉ်ဖြစ်သည်။ အဆိုပါရထားခရီးစဉ်အတွက် ဝန်ဆောင်ပေးနေသော ဘက်စ်လာရထားလုပ်ငန်းကုမ္ပဏီက အမြန်ရထားပေါ် အရက်ရောင်းချမှုကို အဆုံးသတ်ပြီဖြစ်ကြောင်း ဟာရီယတ်နေ့စဉ်အမည်ရှိသတင်းစာတွင် ရေးသားဖော်ပြသည်။

အမြန်ရထားပေါ် အရက်ရောင်းချမှု အဆုံးသတ်လိုက်ရခြင်းမှာ စီးပွားရေးဆိုင်ရာ အကြောင်းတရားတစ်ရပ်သာဖြစ်ကြောင်း၊ အမြန်ရထားစီးခရီးသည်များ၏ အရက်ဝယ်လိုအားနည်းပါးခြင်းကြောင့် ရောင်းချခြင်းကို အဆုံးသတ်ခြင်းမဟုတ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တူရကီနိုင်ငံ၌ ပြည်သူတစ်ဦးချင်း၏ အရက်သောက်သုံးမှုနှုန်းမှာ တစ်နှစ်လျှင် ၁ ဒသမ ၆ လီတာမျှသာရှိရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)အဖွဲ့ဝင် ၃၄ နိုင်ငံအနက် အနိမ့်ဆုံးနှုန်းဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာ အစီရင်ခံတစ်ရပ်အရ သိရသည်။

*ပီတီအိုင်။*




(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

# ချိပ်ပိတ်အရေးယူခံခဲ့ရသည့်စက်ရုံမှ အလုပ်သမားများအား လုပ်ခလစာနှင့် အလုပ်ပိတ်သိမ်းမှုနစ်နာကြေးများ ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ချိပ်ပိတ်အရေးယူခံခဲ့ရသည့် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၇)ရှိ The Myth Apparel Myanmar Co.,Ltd. (အထည်ချုပ်)စက်ရုံမှ အလုပ်သမားများ၏ လုပ်ခလစာနှင့် အလုပ်ပိတ်သိမ်းမှုနစ်နာကြေး ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါမြို့နယ်ရှိ ကနောင်ခန်းမ၌ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရုံသည် အလုပ်သမားများ၏ အောက်တိုဘာလ လုပ်ခလစာကို ရှင်းမပေးနိုင်သည့်အတွက် သက်ဆိုင်ရာမှ နိုဝင်ဘာ ၂၆ ရက်တွင် ဥပဒေအရ ချိပ်ပိတ်အရေးယူဆောင်ရွက်ခဲ့ပြီး ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ဒီဇင်ဘာ ၁၅ ရက်တွင် လေလံတင်ရောင်းချရာ သိန်း ၂၈၈၀ ကျပ်ရရှိခဲ့သဖြင့် အလုပ်သမားများ၏ လုပ်ခလစာနှင့် နစ်နာကြေးများကို အမြန်ဆုံးပေးအပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"မာစတာစပေ့ါ စက်ရုံတုန်းကလည်း ကျွန်တော်ကိုယ်တိုင် အခွန်ဦးစီးအရာရှိအနေနဲ့ ဆောင်ရွက်ခဲ့ပြီး လေလံတင်ရောင်းချခဲ့တယ်။ အဲဒီဖြစ်စဉ်တုန်းက အလုပ်သမားတွေရဲ့ လုပ်ခလစာကို ငါးလလောက်ကြာမှ ပေးနိုင်ခဲ့တယ်။ အခုကိစ္စမှာတော့ အဲဒီတုန်းက အတွေ့အကြုံတွေနဲ့ ရှင်းခဲ့တဲ့အတွက် တစ်လခွဲလောက် အချိန်အတွင်းမှာ အမြန်ဆုံးဖြေရှင်းပေးနိုင်ခဲ့တယ်" ဟု အလုပ်ရုံ၊ အလုပ်သမား၊ ဥပဒေစစ်ဆေးရေးဦးစီးဌာန (လှိုင်သာယာမြို့နယ်ရုံး)ဦးစီးအရာရှိ ဦးမောင်မောင်လှိုင်က ပြောသည်။

"အလုပ်သမားတွေကို ဥပဒေဘောင်ထဲကနေ တောင်းဆိုဖို့ဆောင်ရွက်ပေးခဲ့တယ်။ ဥပဒေအပြင်ဘက်ရောက်သွားရင် သူတို့အတွက်လည်း ထိခိုက်မှုတွေ ဖြစ်လာနိုင်တယ်။ ကာယကံရှင်အနေနဲ့လည်း နစ်နာမှုတွေရှိတဲ့အတွက် သက်ဆိုင်ရာကနေ တစ်ဆင့်တောင်းဆိုခဲ့တယ်။ အခုလို အမြန်ဆုံးဆောင်ရွက်ပေးခဲ့တဲ့အတွက် သက်ဆိုင်ရာကိုလည်း ကျေးဇူးတင်ပါတယ်" ဟုအဆိုပါစက်ရုံမှ အလုပ်သမားခေါင်းဆောင် ဒေါ်နီနီအေးက ပြောသည်။

"လုပ်ခလစာမရလို့ စက်ရုံချိပ်ပိတ်ခံလိုက်ရတော့ တော်တော်အခက်အခဲဖြစ်ခဲ့ရတယ်။ တချို့ကတော့ နီးစပ်ရာစက်ရုံတွေမှာ ဝင်လုပ်ကြတယ်။ ကျွန်တော်ကတော့ အလုပ်မရှိသေးဘူး။ လုပ်ခလစာပြန်ရဖို့ တော်တော်မျှော်လင့်ခဲ့ရတယ်။ အခုတော့ ဆန္ဒတွေပြည့်ပြီ။ အလုပ်ပြန်ရှာမယ်။ အဲဒီစက်ရုံပြန်ဖွင့်ရင်လည်း ပြန်လုပ်ချင်ပါတယ်"ဟု ယင်းစက်ရုံမှ အလုပ်သမား ကိုသန်းထွန်းက ပြောသည်။

အခမ်းအနားတွင် အဆိုပါစက်ရုံမှ အလုပ်သမား ၉၀၁ ဦး၏ လုပ်ခလစာနှင့် အလုပ်ပိတ်သိမ်းမှုနစ်နာကြေး ၂၇၉၄၄၀၇၀၆ ကျပ်ကို သက်ဆိုင်ရာမှ တစ်ဦးချင်းပေးအပ်ခဲ့ပြီး နောက်နောင်အလားတူဖြစ်ရပ်မျိုး ထပ်မံ မဖြစ်ပွားစေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများနှင့် သာမက ဌာနဆိုင်ရာအဖွဲ့အစည်းများအပြင် အပြုသဘောဆောင်သည့် လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

(၀၇၇)



**ချိပ်ပိတ်အရေးယူခံခဲ့ရသည့် The Myth Apparel Myanmar Co.,Ltd. (အထည်ချုပ်)စက်ရုံမှ အလုပ်သမားများ၏ လုပ်ခလစာနှင့် အလုပ်ပိတ်သိမ်းမှုနစ်နာကြေးများ ပေးအပ်စဉ်။**

# လွတ်လပ်ရေးနေ့နှင့် သားစဉ်မြေးဆက်

(အချိုးတွဲ)

☆ နှစ်ပေါင်းတစ်ရာ
ကျော်ပါလည်း မမေ့ကြ။
ဒို့မြန်မာစစ်ရှုံး
ယူကျုံးမရ။
☆ သီပေါဘုရင်
ကျေးငှက်သွင်ဖမ်းယူသွား။
ခဲမကျေနယ်ချဲ့
ဒို့စိတ်ကျောက်သား။
☆ ကျွန်းသစ်နဲ့ ရေနံ
ကျောက်သံနှင့် ပတ္တမြား။
နယ်ချဲ့တွေဖော်ထုတ်
သွေးစုပ်မျိုဝါး။
☆ သစ်ခိုးမှုပေါ်
သင့်လျော်ငွေဒဏ်ရိုက်။
အနာပေါ်တုတ်ကျတော့
စစ်ထ၍တိုက်။
☆ နယ်ချဲ့တော်လှန်
ဖက်ဆစ်ရန်မောင်းနှင်ထုတ်။
ဒို့နိုင်ငံ
လွတ်လပ်ရန် သူကြိုးပမ်း
အောင်ဆန်းဗိုလ်ချုပ်။
☆ လွတ်လပ်သည့် ပြည်မြန်မာ
ငြိမ်းချမ်းသာယာဖွံ့ဖြိုး။
အာဆီယံနောက်မကျန်ရအောင်
လုံ့လနှင့်ကြိုး။
☆ လွတ်လပ်ရေးနေ့ကိုဖြင့်
မမေ့သင့်ထာဝစဉ်
ကျောင်းစာမှာသင်။
မြန်မာ့ရာဇဝင်
စွန်းထင်သည့် အမည်းစက်။
အမျိုးဂုဏ်နောင်မညှိုးအောင်
သယ်ပိုးဆောင် ပညာပေး
သားမြေးစဉ်ဆက်။ ။

မောင်ကျေးဇူး




# ရေကြောင်းသတိပေးချက် ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CHINNERY ASSETS LIMITED သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-1 နှင့် AD-8 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား Ultra Deep Water Unit (HAI YANG SHI YOU 0981)ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ၂၀-၁-၂၀၁၅ ရက်မှ ၃၀-၆-၂၀၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) Well No. AD1-1

| Latitude | Longitude |
|---|---|
| 19° 09' 44.299'' N | 92° 35' 27.639''E |

(ခ) Well No. AD8-1

| Latitude | Longitude |
|---|---|
| 19° 31' 01.078'' N | 91° 54' 41.021''E |

၂။ အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမပြုကြပါရန် သတိပေးထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေမှုများနှင့် အနာဂတ်လုပ်ငန်းများ

နိုင်ငံများသည် မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာ၌ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းကာကွယ်ရာတွင် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်သာမက သဘာဝဆိုင်ရာအမွေအနှစ်များကိုပါ ထိန်းသိမ်းရန်၊ မြှင့်တင်ရန်လိုအပ်ပါသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဟုဆိုရာတွင်လည်း ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တို့ပါ အကျုံးဝင်ပါသည်။ လူငယ်မျိုးဆက်သစ်တို့ကို လက်ဆင့်ကမ်း အမွေပေးရေးသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းတစ်ရပ်ဖြစ်၍ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် သဘာဝဆိုင်ရာ အမွေအနှစ်များကို သတိရှိရှိနှင့် ဆောင်ရွက်နိုင်စွမ်းရှိရေးကိုပါ တစ်ပါတည်း လက်ဆင့်ကမ်း လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပေသည်။

**အမွေအနှစ်ကို အဓိပ္ပာယ်ဖွင့်ပုံ**

အမွေအနှစ်ဟုဆိုရာတွင် လက်ဆင့်ကမ်းထိန်းသိမ်းရန် လိုအပ်သော မျိုးဆက်အလိုက် မပျောက်ပျက်စေရန်စောင့်ရှောက်အပ်သောအရာဟူ၍ ဆိုနိုင်ပေသည်။ လူမျိုးအလိုက် မိမိတို့၏ နောင်လာနောက်သားများ ကိုယ့်လူမျိုး၏ယဉ်ကျေးမှုကို တန်ဖိုးထားတတ်စေရန်ဆောင်ရွက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုများကိုပါ သင်ကြားလက်ဆင့်ကမ်းပေးရပေသည်။

ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) (United Nations Education, Science and Culture Organization-UNESCO)အနေဖြင့် သုံးမျိုးသတ်မှတ်ထားရာ-ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ် (Tangible Cultural Heritage)၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage)၊ သဘာဝအမွေအနှစ် (Natural Heritage)ဟူ၍ ဖြစ်သည်။ ဒြပ်ရှိယဉ်ကျေးမှု (Tangible Culture )တွင် အဆောက်အအုံများ၊ အထိမ်းအမှတ်အဆောက်အအုံများ၊ မြေယာရှုခင်းများ၊ အနုပညာလက်ရာများ၊ ရှေးဟောင်းဆိုင်ရာပစ္စည်းများပါဝင်ပြီး ဒြပ်မဲ့ယဉ်ကျေးမှု (Intangible Culture)တွင် ကျေးလက်အနုပညာ၊ ဓလေ့ထုံးတမ်းများ၊ ဘာသာစကား၊ ဗဟုသုတတို့ကဲ့သို့ပါဝင်ကာ သဘာဝအမွေအနှစ် (Natural Heritage) တွင် ယဉ်ကျေးမှုအရ ထူးခြားသော သဘာဝရေမြေရှုခင်းများ၊ ဇီဝမျိုးကွဲများ ပါဝင်ကြပေသည်။

ဒြပ်ရှိအမွေအနှစ် (Tangible Culture)များဖြစ်သည့် ကမ္ဘာ့ယဉ်ကျေးမှုနှင့်သဘာဝအမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်းကို ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် ကွန်ဗင်းရှင်းဝင်နိုင်ငံဖြစ်ခဲ့ပါသည်။

**ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သဘောတူညီချက် (Convention for the Safeguarding of the Intangible Cultural Heritage)**

ယူနက်စကိုသည် ကမ္ဘာပေါ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage )များအဖြစ် သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းရန်အတွက် ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးသဘောတူညီချက် (2013 Convention for the Safeguarding of the Intangible Cultural Heritage)ကို ထုတ်ပြန်ခဲ့ပါသည်။ ယူနက်စကိုမှ သတ်မှတ်ထားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage)များတွင် -

(က) ပါးစပ်ရာဇဝင်များ၊ ဘာသာစကားများ
(ခ) ဖျော်ဖြေတင်ဆက်မှုအနုပညာများ
(ဂ) လူမှုရေးထုံးတမ်းအစဉ်အလာ၊ အလေ့အထများ၊ ရိုးရာဓလေ့များနှင့်ပွဲတော်များ
(ဃ) သဘာဝနှင့်စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ
(င) ရိုးရာလက်မှုပညာရပ်များနှင့် ပြုလုပ်ထားပုံတို့ပါဝင်ပါသည်။

အဆိုပါ ကွန်ဗင်းရှင်းအရ ယူနက်စကိုမှ ဦးဆောင်၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ရှင်သန်တိုးတက်အောင် ဆောင်ရွက်ခြင်း၊ မှတ်တမ်းအထောက်အထားများထားရှိခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းခြင်းနှင့် ပြန်လည်ရှင်သန်လာအောင် ဆောင်ရွက်ခြင်းစသည့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်မှာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရန်၊ တစ်ဦးချင်းအုပ်စုနှင့် အဖွဲ့အစည်းလိုက်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားအလေးထားရန်၊ ဒေသအလိုက်၊ နိုင်ငံအလိုက်နှင့် နိုင်ငံတကာဆိုင်ရာ အဆင့်များတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား သိမြင်အလေးထားမှု မြှင့်တင်ရန်နှင့် အပြန်အလှန်နားလည်အလေးထားရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အကူအညီအထောက်အပံ့ပေးရေးတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ အဆိုပါ ကွန်ဗင်းရှင်းတွင် အခန်းကိုးခန်းနှင့် ပါဝင်ပေရာ အထွေထွေပြဋ္ဌာန်းချက်များ၊ ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အထွေထွေညီလာခံကျင်းပခြင်း၊ ကာကွယ်စောင့်ရှောက်ရေး၊ အစိုးရအဖွဲ့ကော်မတီဖွဲ့စည်းခြင်း၊ သက်တမ်းနှင့်တာဝန်၊ နိုင်ငံတကာအဆင့်တွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊ လိုက်နာဆောင်ရွက်ရန်အချက်များ၊ ကွန်ဗင်းရှင်းအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အထောက်အပံ့များ တောင်းခံရေး၊ ရန်ပုံငွေထူထောင်ခြင်းနှင့်ထည့်ဝင်ကြေးပေးသွင်းရေး၊ ကွန်ဗင်းရှင်းဝင်နိုင်ငံများမှ အစီရင်ခံစာတင်သွင်းခြင်း၊ ကွန်ဗင်းရှင်းအား အတည်ပြုလက်ခံဝင်ရောက်ခြင်း၊ ကွန်ဗင်းရှင်းအတည်ဖြစ်ခြင်း၊ ကွန်ဗင်းရှင်းအား ပြင်ဆင်ခြင်းနှင့် မှတ်ပုံတင်ခြင်း စသည့်အခန်းကဏ္ဍများ ဖော်ပြထားပါသည်။

ကွန်ဗင်းရှင်းသို့ ယနေ့အထိ နိုင်ငံပေါင်း (၁၆၁) နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအဖြစ် (၃၂၇)ခုကို သတ်မှတ်ပြီးဖြစ်ပါသည်။ ICH ဆိုင်ရာ Inscribed သတ်မှတ်စာရင်းကို ယူနက်စကိုမှ သတ်မှတ်စံနှုန်းများနှင့်အညီ ရွေးချယ်ထုတ်ပြန်ပါသည်။ အဆိုပါ အစဉ်အလာအောက်တွင် စာရင်းနှစ်မျိုးပါဝင်ရာ ကာလရှည်ဆောင်ရွက်ရန် စာရင်းသည် Representative List of the Intangible Cultural Heritage of Humanity ဖြစ်ပြီး ယင်းအောက်တွင် ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများနှင့် ဖော်ပြချက်များပါဝင်ကာ အဆိုပါ အမွေအနှစ်၏ ကွဲပြားမှုသည် အရေးပါမှုကိုပါ ပိုမိုသိရှိလာစေနိုင်သော အချက်ပါဝင်ပါသည်။ Representative List of the Intangible Cultural Heritage in Need of Urgent Safeguarding ကာလတိုဆောင်ရွက်ရန်စာရင်းတွင် အရေးတကြီး ဆောင်ရွက်မည့်နည်းလမ်းများဖြင့် ဆက်လက်ရှင်သန်နေစေရန် လိုအပ်သည့် အမွေအနှစ်အဖြစ် သတ်မှတ်ထားပြီး လူ့အဖွဲ့အစည်းနှင့်ဆိုင်သော ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များ ပါဝင်ပါသည်။

**ကွန်ဗင်းရှင်းအဖွဲ့ဝင်ဖြစ်လာပါက ဆောင်ရွက်ရန်များ**

အဆိုပါ ကွန်ဗင်းရှင်းသို့ ဝင်ရောက်ပါက ကွန်ဗင်းရှင်းတွင် ဖော်ပြပါအချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့အပြင် ကွန်ဗင်းရှင်းသို့ပါဝင်ရန် လုပ်ငန်းအဆင့်ဆင့်တို့ကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ပါမည်။ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းပြုစုရေးကော်မတီဖွဲ့စည်းခြင်း၊ မိမိတို့နိုင်ငံအလိုက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းများပြုစုခြင်း၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ခြင်း၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရန်အတွက် လိုအပ်သည့် နည်းပညာ၊ ငွေကြေးဆိုင်ရာ အထောက်အပံ့၊ စာရင်းပြုစုရေးနှင့် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အကူအညီများ တောင်းခံခြင်းစသည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြရပါသည်။

**ရရှိနိုင်မည့်အကျိုးများ**

ယူနက်စကိုအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းမှုဆောင်ရွက်ရန်အတွက် အဆိုပါကွန်ဗင်းရှင်းသို့ပါဝင်၍ လက်မှတ်ရေးထိုးခြင်းဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရာတွင် များစွာအထောက်အကူရနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ခြင်း၊ မိမိတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရန်နှင့် တိုးတက်စေရန်အတွက် အဆိုပြုစီမံကိန်းများ တင်သွင်းနိုင်ခြင်းနှင့် အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတကာ အထောက်အပံ့များကို ယူနက်စကိုအဖွဲ့သို့ လျှောက်ထားနိုင်ခြင်းသည် အကျိုးကျေးဇူးများရရှိပြီး အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်မြှင့်တင်ခြင်းတို့ကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့အလယ်တွင် မြန်မာ့ယဉ်ကျေးမှုဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပိုမိုဆွဲဆောင်မှုရှိစေနိုင်မည်ဖြစ်ပါသည်။

**အဘယ်ကြောင့် အရေးတကြီးဆောင်ရွက်ရန် လိုအပ်ပါသနည်း**

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွင် လူမှုအသိုက်အဝန်းက သူတို့၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုထားသော ဓလေ့များ၊ တင်ပြသည့်ပုံစံများ၊ ထုတ်ဖော်ပြသမှုများ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုရှိခြင်းတို့ပါဝင်သည်ဖြစ်ရာ သူတို့၏ ပတ်ဝန်းကျင်၊ သဘာဝနှင့် သမိုင်းတို့အပေါ်တွင် အပြန်အလှန်တုံ့ပြန်မှုများကို မျိုးဆက်တစ်ခုမှ တစ်ခုသို့ လက်ဆင့်ကမ်းကာ မိမိတို့၏ ကိုယ်ပိုင်လက္ခဏာနှင့် ဆက်လက်တည်ရှိမှုတို့ကို ဖန်တီးနိုင်စွမ်းရှိကြသည်။ ထို့ကြောင့်လည်း ကမ္ဘာ့ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီးအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံများအကြား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးနေပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ရိုးရာနှင့်ခေတ်သစ်ပုံစံများမှာ ယဉ်ကျေးမှုမျိုးကွဲများနှင့် လူသားတို့၏ ဖန်တီးတီထွင်မှုများတို့အတွက် အားတစ်ရပ်ဖြစ်စေပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ ခေတ်ပြိုင်စိန်ခေါ်မှုများဖြစ်သော လူမှုရေးဆိုင်ရာပေါင်းစည်းညီညွတ်မှု၊ ပညာရေး၊ အစားအစာများ လုံခြုံစိတ်ချရမှု၊ ကျန်းမာရေးနှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုတို့ကို ဖြေရှင်းပေးနိုင်ပါသည်။ ထို့အပြင် ဝင်ငွေရရှိရေးနှင့် အလုပ်အကိုင်ဖန်တီးနိုင်စွမ်းရှိမှုတို့အတွက်ထင်ရှားသော ပင်ရင်းလည်းဖြစ်ပါသည်။ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်နှင့်ပတ်သက်၍ စဉ်းစားရာတွင် လက်ရှိကျင့်သုံးနေသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်များနှင့် လူမှုအဖွဲ့အစည်းများအကြားနှစ်ဖက် အပြန်အလှန်လေးစားမှုတို့ရှိပြီး လိုက်ဖက်မှုရှိသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကွန်ဗင်းရှင်းမျိုး ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

**ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းများ**

ယူနက်စကိုသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းမှု ဆောင်ရွက်ရန်အတွက် အောက်ပါလုပ်ငန်းများတွင် နည်းပညာအကူအညီများပေးပြီး နော်ဝေနိုင်ငံက ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးလျက်ရှိပါသည် -

- ၂၀၀၃ ကွန်ဗင်းရှင်းသို့ ပါဝင်၍ လက်မှတ်ရေးထိုးနိုင်ရန်၊
- ၂၀၀၃ ကွန်ဗင်းရှင်းပါ ထိန်းသိမ်းစောင့်ရှောက်မှုများကို အမျိုးသားအဆင့်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကို လူ့အဖွဲ့အစည်းအခြေပြု၍ ကောက်ယူရန်၊

အဆိုပါ ပူးပေါင်းဆောင်ရွက်ပေးမည့် အစီအစဉ်အောက်တွင် မြန်မာနိုင်ငံရှိ အမျိုးသား ဒြပ်မဲ့အမွေအနှစ်အား ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရာတွင် ယူနက်စကို (ဗန်ကောက်ရုံး)က ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ တင်သွင်းရေးဆိုင်ရာနှင့်ပတ်သက်၍ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်သင်တန်းလက်စွဲပါအတိုင်း အကူအညီပေးလျက်ရှိပါသည်။ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပေးမည့် သင်တန်းများမှာ-

(က) ၂၀၀၃ ကွန်ဗင်းရှင်းအား အတည်ပြုလက်မှတ်ရေးထိုးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

**နဒွာမွန်း**

(ခ) ၂၀၀၃ ကွန်ဗင်းရှင်းအား အမျိုးသားအဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ
(ဂ) လူ့အဖွဲ့အစည်းအခြေပြုသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ကောက်ယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ
(ဃ) ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရန် အမည်စာရင်းတင်သွင်းရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲ တို့ဖြစ်ကြပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအား ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ်စာရင်း တင်သွင်းရန် လုပ်ငန်းအတွက် Focal ဖြစ်ရာ ဖော်ပြပါအလုပ်ရုံ ဆွေးနွေးပွဲများအနက် ၂၀၀၃ ကွန်ဗင်းရှင်းအား အတည်ပြုလက်မှတ်ရေးထိုးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၅-၂၆ ရက်အထိ နေပြည်တော်တွင်လည်းကောင်း၊ ၂၀၀၃ ကွန်ဗင်းရှင်းအား အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် မေလ ၁၉-၂၄ ရက်အထိ မန္တလေးမြို့တွင် လည်းကောင်း၊ လူ့အဖွဲ့အစည်းအခြေပြုသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကောက်ယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ညောင်ရွှေမြို့တွင်လည်းကောင်း အသီးသီးကျင်းပခဲ့ပြီးဖြစ်ပါသည်။

**အစိုးရများအကြား ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာကော်မတီ၏ (၉)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့မှု**

အစိုးရများအကြား ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ကော်မတီ၏ (၉)ကြိမ်မြောက် အစည်းအဝေးကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်တိုင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် လေ့လာသူအဖြစ် တက်ရောက်ရန် ဖိတ်ကြားခြင်းခံခဲ့ရပါသည်။ အဆိုပါ အစည်းအဝေးကို ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)ရုံးချုပ် အဆောက်အအုံ၏ မြေညီထပ်ခန်းမ၌ ကျင်းပခဲ့ရာ ကိုယ်စားလှယ်ပေါင်း ၉၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။ အစိုးရများအကြား ဒြပ်မဲ့ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာကော်မတီတွင် ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး၊ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများ၏ အထွေထွေညီလာခံက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များဖြစ်ကြပါသည်။ ယခုလက်ရှိ ဖွဲ့စည်းထားမှုမှာ နိုင်ငံများကို အုပ်စုခြောက်ခုဖွဲ့၍ ဖွဲ့စည်းထားပါသည်။

(၉)ကြိမ်မြောက် ကော်မတီအစည်းအဝေးအတွက် ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှာ-သဘာပတိအဖြစ် ပီရူးနိုင်ငံမှ ဝန်ကြီး Mr. Jose' Manuel Rodriguez Cuadros တွဲဖက် သဘာပတိများအဖြစ် ဘယ်လ်ဂျီယံ၊ လတ်ဗီးယား၊ ကာဂျစ်စတန်၊ နာမီးဗီးယား၊ နိုင်ဂျီးရီးယားတို့မှ ကိုယ်စားလှယ်များက ဆောင်ရွက်ပြီး အစည်းအဝေးအစီအစဉ်ဆောင်ရွက်မည့်သူအဖြစ် Ms. Anita Vaivade (လတ်ဗီးယား)တို့က ဆောင်ရွက်ခဲ့ကြပါသည်။

အဓိက ဆွေးနွေးသည့်အကြောင်းအရာများမှာ ကျင်းပပြီးစီးခဲ့သော အစည်းအဝေးများ၏ အစီရင်ခံစာများကို အတည်ပြုခြင်း၊ တင်ပြခြင်းပါဝင်သော အကြောင်းအရာ၊ ဖွဲ့စည်းသတ်မှတ်မှုများအတွက် စစ်ဆေးခြင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များအတွက် လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရန် အဆိုပြုချက်များကို စစ်ဆေးခြင်း၊ ၂၀၁၅ ခုနှစ်အတွက် တင်ပြထားသော ဖိုင်တွဲများကို ဆန်းစစ်ခြင်းနှင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွက် ဆောင်ရွက်မည့် စာတွဲများကို ဆန်းစစ်ခြင်း၊ ယူနက်စကို ယဉ်ကျေးမှုဆိုင်ရာ ကွန်ဗင်းရှင်းများအကြား၊ အတွေ့အကြုံများ၊ ပူးပေါင်း

**စာမျက်နှာ ၇ သို့** ❖

ပြည်တွင်းရေးရာ

# ကိုကိုးကျွန်း၌ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု ဖွင့်လှစ်




**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကိုကိုးကျွန်းသည် ရန်ကုန်မှ မိုင် ၂၆၀ ဝေးကွာသည့် ကျွန်းမြို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ အလှပဆုံးကျွန်း တစ်ကျွန်းလည်းဖြစ်ပါကြောင်း၊ ဝေးလံသည့်ဒေသဖြစ်ခြင်းကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တပ်မတော်တွင်လည်း တာဝန်ရှိသည်ဟုခံယူ၍ လုပ်ဆောင်လျက်ရှိကြောင်း၊ အဓိကလိုအပ်ချက်ဖြစ်သည့် သွားလာမှုအဆင်ပြေစေရေးအတွက် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆင့်မြှင့်တင်ရေး ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ ဆက်သွယ်မှုပိုမိုကောင်းမွန်ရေးအတွက် ယနေ့ဖွင့်လှစ်သည့် CDMA 800 MHz တယ်လီဖုန်းဆက်သွယ်ရေးစနစ်ကို မြန်မာစီးပွားရေးကော်ပိုရေးရှင်းအားတာဝန်ပေးဆောင်ရွက်စေခိုင်းပြီးဖြစ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်း၌ ကျင်းပသော CDMA 800 MHz မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုဖွင့်လှစ်ခြင်း အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ စီမံကိန်းများ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့် တည်ဆောက်တပ်ဆင်ပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်( ရေ ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစောတို့က မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲဆိုင်းဘုတ်၏ရှေ့တွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်ကို မြို့နယ်ခန်းမအတွင်း ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးကျွန်းသို့ တပ်မတော်လေယာဉ်များ နှစ်ပတ်တစ်ကြိမ်ပြေးဆွဲ၍ လူ၊ ပစ္စည်းများ အခမဲ့ပို့ဆောင်ပေးလျက်ရှိကြောင်း၊ အလားတူ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့်လည်း သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း၊ မြို့သာယာလှပရေးအတွက်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြို့သာယာလှပရေး၊ ကိုယ့်ရပ်ကိုယ့်ရွာကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအလုပ်လုပ်ကြရန် လိုပါကြောင်း၊ ယခုလည်း ဆက်သွယ်မှုစနစ် ကောင်းမွန်စေရန် CDMA ဖုန်းဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ အင်တာနက်အပါအဝင် အဆင့်မြင့် ဆက်သွယ်ရေးစနစ်အား အသုံးပြုနိုင်သည့် အခွင့်အရေးရရှိခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာဗဟုသုတ တိုးတက်ပြန့်ပွားရေးကို များစွာအထောက်အပံ့ဖြစ်စေပါကြောင်း၊ အင်းဝဘဏ်ခွဲ ဖွင့်လှစ်၍ Mobile Money စနစ်နှင့်တယ်လီဖုန်းဖြင့် ငွေပေးပို့ထုတ်ယူခြင်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ အဓိကစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် အုန်းစိုက်ပျိုးရေးအား စနစ်တကျစီးပွားဖြစ် စိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့်ဝန်ထမ်းများ၊ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းလုပ်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သော နယ်မြေတစ်ခုအဖြစ် ရောက်ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းသည် ရန်ကုန်တိုင်းဒေသကြီး၏ အဝေးဆုံးနှင့် အရွယ်အစားအသေးဆုံးမြို့နယ်ဖြစ်သောကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်နေပါကြောင်း၊တပ်မတော်၏ မေတ္တာ၊ စေတနာ၊ သံယောဇဉ်များနှင့် စားသောက်ရေး၊ နေထိုင်ရေး၊ သွားလာရေးအပါအဝင် အစစအရာရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာကို ဆောင်ရွက်ပေးနေသည့် ကျေးဇူးတရားရှိပါကြောင်း၊ ယခင်က အခြေအနေထက် များစွာဖွံ့ဖြိုးတိုးတက်ပြီး မြို့တစ်မြို့ကဲ့သို့ ဖြစ်ပေါ်ရောက်ရှိလာခြင်းမှာလည်း တပ်မတော်၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကြောင့် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အစွန်အဖျားကျသော ကျွန်းမြို့ဖြစ်ခြင်းကြောင့် လုံခြုံရေးအရလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တပ်မတော်အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကိုကိုးကျွန်းမြို့နယ် ရပ်မိရပ်ဖ ဦးအောင်ဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းကို မိုဘိုင်းဖုန်းဖြင့် စတင်ဆက်သွယ်မှုရယူကာ ဖွင့်လှစ်ပေးသည်။

ၾင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ထုတ်လုပ်သော မြင်းပျံတံဆိပ်ဘိလပ်မြေ အိတ် ၂၀၀၀ နှင့် Tri Star သွပ်ပြား အချပ် ၁၀၀၀ အားပေးအပ်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ကလည်းကောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တပ်မတော်သားမိသားစုများအတွက် MECTEL CDMA 800 MHz အထိုင်ဖုန်း၊ လက်ကိုင်ဖုန်း၊ ဆင်းကတ်၊ ငွေဖြည့်ကတ်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ မြို့မိမြို့ဖ ဦးရွှေဘော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ဒုတိယဗိုလ်မှူးကြီး စိုင်းသက်နိုင်တို့ကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောလွယ်မီးငြိမ်းသတ်ကိရိယာနှင့် အသက်ရှူကိရိယာများအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်ချမ်းငြိမ်းက လက်ခံရယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည်ခန်းမပြင်ပ၌ ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကိုကိုးကျွန်းဒေသ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် တပ်မတော်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ကိုကိုးကျွန်းအတွက် အဓိကလိုအပ်သည့် လမ်းပန်းဆက်သွယ်မှုလွယ်ကူအဆင်ပြေရေးအတွက် တပ်မတော်မှ လေယာဉ်၊ ရေယာဉ်များဖြင့် စီစဉ်စေလွှတ်ပေးလျက်ရှိပြီး ၂၀၁၄ ခုနှစ်အတွင်း လေယာဉ် ၂၇ ခေါက်၊ ရေယာဉ်ဖြင့် ၂၂ ခေါက် ပို့/ကြို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။ယနေ့ဖွင့်လှစ်သည့် CDMA 800 MHz Mobile ဆက်သွယ်ရေး ဝန်ဆောင်မှုအနေဖြင့်လည်း ငွေကြေးအမြတ်စွန်းအတွက် မရည်ရွယ်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေအနေဖြင့် ကျပ်သန်း ၃၀၀ ကျော်သုံးစွဲထားကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အတူ ကိုကိုးကျွန်းလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းခွင်၊ လေယာဉ်ပြေးလမ်းလှိုင်းကာ နံရံတည်ဆောက်ရေး လုပ်ငန်းခွင်၊ ကိုကိုးကျွန်းရေလှောင်တမံ ရေထုတ်ပြွန် တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ကိုကိုးကျွန်း Jetty အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

◆ **စာမျက်နှာ ၆ မှ**

ဆောင်ရွက်မှုများနှင့် ပေါင်းစပ်လုပ်ကိုင်နိုင်မှုများကို ဖလှယ်၍ ဆွေးနွေးခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အသိအမှတ်ပြုခြင်းနှင့် စစ်ဆေးခြင်း၊ (၁၀)ကြိမ်မြောက် ကျင်းပမည့်အစည်းအဝေးအတွက် နေ့ရက်နှင့် နေရာ သတ်မှတ်ခြင်း၊ (၁၀)ကြိမ်မြောက် ကျင်းပမည့် အစည်းအဝေး ဗျူရိုအဖွဲ့ဝင်များ ရွေးချယ်သတ်မှတ်ခြင်း၊ အခြားလုပ်ငန်းကိစ္စများ၊ ဆုံးဖြတ်ချက်များ စာရင်းအား အတည်ပြုခြင်း၊ အခမ်းအနားပြီးဆုံးခြင်းတို့ ပါဝင်ပါသည်။

**မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ**

မြန်မာနိုင်ငံသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာတွင် ဒြပ်ရှိများသာမက ဒြပ်မဲ့များနှင့် သဘာဝအမွေအနှစ်များကိုပါ စနစ်တကျ ထိန်းသိမ်းရန်၊ မှတ်တမ်းတင်ထားရန် လိုအပ်ပါသည်။ ထိုသို့ အချိန်မီမှတ်တမ်းတင်စာရင်းသွင်းထားခြင်း၊ ကြေညာ၍ အသိပေးခြင်းများ မပြုလုပ်နိုင်ပါက အချို့သော အမွေအနှစ်များကို အခြားသောနိုင်ငံများက လက်ဦးမှုရယူပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ဦးစွာကြေညာကာ အသိအမှတ်ပြုခြင်းခံရနိုင်ပေသည်။ အဆိုပါ စိန်ခေါ်မှုများသည် နည်းပညာများ၊ ဆက်သွယ်ရေးလမ်းကြောင်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ပိုမိုဖြစ်နိုင်ခြေများလာနိုင်၍ အထူးသတိပြုကြရပေမည်။

ယခင်က မြန်မာ့ရိုးရာဆိုင်းဝိုင်းတူရိယာများနှင့် တီးမှုတ်မှုပညာ၊ အင်းလေးကန်လှေလှော်ဓလေ့နှင့်ရိုးရာ နေထိုင်အသက်မွေးခြင်း၊ မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်မှုဓလေ့၊ ရွှေမျက်ပါးနှင့် ရွှေတောင်စက္ကူပြုလုပ်သည့်လုပ်ငန်း၊ ဆယ့်နှစ်လရာသီပွဲတော်များ၊ ထူးခြားလှပသော လွန်းရာကျော်ချိတ်လုပ်ငန်း၊ မြန်မာ့ရိုးရာတူရိယာပစ္စည်းများ ပြုလုပ်သည့် နည်းပညာများ စသည်တို့ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် မှတ်တမ်းတင်ရန် လျာထားဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာ့ရေမြေသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန်အတွက် နိုင်ငံတကာမှ နည်းပညာနှင့် အထောက်အပံ့များ ရယူပြီး ပိုမိုထိန်းသိမ်းဆောင်ရွက်ရန် စီမံချက်ရေးဆွဲထားပါသည်။ ယခုအခါ ယူနက်စကို၏ သတ်မှတ်ထားသော စာရင်းယူရမည့်ပုံစံနှင့် ကောက်ယူပုံနည်းစနစ်များကို အလုပ်ရုံဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့မှုများအရ လည်းကောင်း၊ အစိုးရများအကြား ဒြပ်မဲ့ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ကော်မတီ၏ (၉)ကြိမ်မြောက် အစည်းအဝေးကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၂၀၁၄ ခုနှစ် ဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့မှုများအရ လည်းကောင်း၊ အစိုးရများအကြား ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ကော်မတီ၏ (၉)ကြိမ်မြောက် အစည်းအဝေးကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ တက်ရောက်ခဲ့မှု အတွေ့အကြုံအရလည်းကောင်း အောက်ပါအချက်များအပေါ် အခြေခံ၍ စဉ်းစားရန်နှင့် မည်သို့သော ဒြပ်မဲ့ပစ္စည်းများကို ဦးစားပေး၍ စာရင်းသွင်းရန် ပြုစုတင်ပြသွားရန် ရှိပါသည်-

(က) စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ၏ အကျိုးသက်ရောက်မှု

(ခ) လူမှုအဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်နေမှု

(ဂ) အလားအလာကောင်းရှိမှုနှင့် လက်ရှိကြုံတွေ့နေရသော အခက်အခဲများ

နိဂုံးချုပ်ဆိုရသော် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကောက်ယူမှုသည် ကမ္ဘာ့ဒြပ်မဲ့ အမွေအနှစ်စာရင်း အမည်စာရင်းတင်သွင်းရေးဆိုင်ရာ ဆောင်ရွက်ချက်အတွက်သာမက အဓိက Stakeholders ဖြစ်သော မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးအတွက် အလွန်အရေးပါလှပါသည်။ UNESCO ၏ Convention for the Safeguarding of the Intangible Cultural Heritage သို့ လက်မှတ်ပါဝင်ရေးထိုးမှုကို ပြည်ထောင်စုလွှတ်တော်က ပါ အတည်ပြုခဲ့ပြီး ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါသည်။ ယခုအခါတွင် အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကို အားလုံးဝိုင်းဝန်းပြုစုရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

Royal Material Co.,Ltd.
နိုင်ငံတကာအရည်အသွေးမီနံရံနှင့် မျက်နှာကျက်အလှဆင် UPVC Space Wall



အမှတ် (၁၈၉)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး (ဝ၇လမ်းအနီး)၊အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01 215 080, 01 508 132, 09 731 260 52, 09 5102423

## ပြည်တွင်းရေးရာ




နိုင်ငံတော်သမ္မတဦးသိန်းစိန် သံတွဲမြို့နယ်ခန်းမ၌ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

တစ်နိုင်ငံလုံးနှင့် ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ သံတွဲခရိုင်အတွင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယနေ့တွေ့ဆုံပွဲတွင် ဒေသဖွံ့ဖြိုးရေးနှင့်ဆက်နွယ်သည့် တိုင်းပြည်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ မိမိတို့အစိုးရ၏ ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ချက်လုပ်ငန်းများ၊ နိုင်ငံ့ဝန်ထမ်းများအရေးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံ့ဝန်ထမ်းများ ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည့် ကိစ္စရပ်ပင်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနောက်ကျနေသည့်အတွက် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာငွေများအပြင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှလည်း ဖြည့်ဆည်းပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်သည် ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည့် အခွင့်အလမ်းကောင်းများစွာရှိနေပါကြောင်း၊ ယခင်က ရခိုင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိသည့်အတွက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော်လည်း ယခုအခါ ထိုအခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အဖိုးထိုက်တန်သည့် သဘာဝသယံဇာတများနှင့် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပါကြောင်း၊ ထိုကမ်းရိုးတန်းနှင့် ပင်လယ်ပြင်သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးမြေကောင်းမွန်သည့် လယ်ယာမြေများ၊ သားငါးထုတ်လုပ်နိုင်မှု၊ သစ်တောစသည့် အခြေခံကောင်းများသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေမည့် အထောက်အပံ့ကောင်းများပင် ဖြစ်ပါကြောင်း။

"ချမ်းသာချင်လျှင် လမ်းဖောက်" ဟူသည့် စကားပုံအတိုင်း ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် အဓိကအရေးကြီးပါကြောင်း၊ ထို့ကြောင့် ရခိုင်ဒေသတွင် လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ပေးလျက် ရှိနေပါကြောင်း၊ ကားလမ်းဆိုလျှင်လည်း ရာသီမရွေးသွားလာနိုင်ရန် မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ရထားလမ်းကိုလည်း ပြည်နယ်မြို့တော် စစ်တွေမှ ကျောက်တော်မြို့အထိဖောက်လုပ်ခဲ့ပြီး ထပ်မံ၍လည်း တိုးချဲ့ဖောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင် မိုဘိုင်းဖုန်းများကိုလည်း ပြည်သူများ ပြောဆိုသုံးစွဲနိုင်ကြပြီဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရန် လျှပ်စစ်မီးသည် အရေးကြီးပါကြောင်း၊ ဒေသတွင်း လျှပ်စစ်မီး ထုတ်လုပ်နိုင်ရန်လည်း ကြိုးပမ်းသွားရမည်ဖြစ်ပြီး ယခုဆိုလျှင် ရခိုင်ပြည်နယ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရယူသုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ ကျန်ဒေသများ လျှပ်စစ်မီးရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရန် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးသည်လည်း အရေးကြီးပါကြောင်း၊ ကျောက်ဖြူတွင် စက်မှုဇုန်ထူထောင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုစက်မှုဇုန် ပေါ်ပေါက်လာသည်နှင့်အမျှ အလုပ်အကိုင်များရရှိလာတော့မည်ဖြစ်ပါကြောင်း၊ ပေါ်ပေါက်လာမည့် အလုပ်အကိုင် အခွင့်အလမ်းများအတွက် ကျွမ်းကျင်လုပ်သားများစွာ လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျွမ်းကျင်လုပ်သားများဖြစ်ရန် ပညာအခြေခံလိုအပ်ပါကြောင်း၊ အနာဂတ်လူငယ်များအတွက် မျှော်လင့်ချက်အခြေခံကောင်းများ ရှိနေပြီဖြစ်ပါကြောင်း၊ လယ်ယာမြေစိုက်ပျိုးရာတွင် တစ်သီးမှ နှစ်သီး၊ သုံးသီးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေများနှင့် အလုပ်အကိုင်များရရှိလာမည်ဖြစ်ပါကြောင်း၊ သက်မဲ့ဖြစ်သည့် သဘာဝသယံဇာတ အရင်းအမြစ်များကို နိုင်ငံအတွက် အသုံးချနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ လူသားအရင်းအမြစ်ရရှိရေး၏ အခြေခံသည် ပညာရေးပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍများကို မြှင့်တင်ပေးခဲ့ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် ဒေသလုံခြုံရေးသည် အရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆက်နွယ်နေပါကြောင်း၊ တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရှိရန် ဒေသခံပြည်သူများက တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ယခုဆိုလျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စားပွဲဝိုင်းတွင် ဆွေးနွေးနိုင်ခဲ့ကြပြီး အချင်းချင်းလက်ဆွဲနှုတ်ဆက်သည့်အဆင့်ကိုပင် ရောက်ရှိနေပြီဖြစ်၊ ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ကြရမည်ဖြစ်၊ တူညီသည်များကို လက်တွဲလုပ်ကိုင်ပြီး မတူညီသည်များကို ညှိနှိုင်းဆွေးနွေးအဖြေရှာလုပ်ကိုင်သွားကြရမည်။**

မိမိတို့အစိုးရသည် စနစ်ဟောင်းတစ်ခုမှ ဒီမိုကရေစီစနစ်သစ်သို့ ညင်သာစွာ ပြောင်းလဲနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာတွင် ညင်သာစွာမပြောင်းလဲနိုင်သေးသည့် နိုင်ငံများကိုလည်း တွေ့မြင်နိုင်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ညင်သာစွာ ပြောင်းလဲနိုင်ခြင်းသည် မိမိတို့အစိုးရ၏ ပထမဆုံး အပြောင်းအလဲဖြစ်ပါကြောင်း၊ ဒုတိယ အပြောင်းအလဲအနေဖြင့် ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကိုပြောင်းလဲခဲ့ပါကြောင်း၊ ပြည်သူ့ဆန္ဒကိုအလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူများ၏ဆန္ဒသည် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါကြောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံသားအားလုံး ပါဝင်နိုင်ရန်ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရတာဝန်စတင်ယူသည့်အချိန်တွင် ငြိမ်းချမ်းရေးကိုဖိတ်ခေါ်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စားပွဲဝိုင်းတွင်ဆွေးနွေးနိုင်ခဲ့ကြပြီး အချင်းချင်းလက်ဆွဲနှုတ်ဆက်သည့်အဆင့်ကိုပင် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ တူညီသည်များကို လက်တွဲလုပ်ကိုင်ပြီး မတူညီသည်များကို ညှိနှိုင်းဆွေးနွေးအဖြေရှာလုပ်ကိုင်သွားကြရမည်ဖြစ်ပါကြောင်း၊ မကြာမီအပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုပြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပုံမှန်ဝင်ငွေများရရှိလာမည်ဖြစ်ပါကြောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပြည့်စုံရန်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိမိတို့၏သဘာဝသယံဇာတ အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ အရင်းအနှီး၊ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်များ ရရှိရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုများ ရှိနေပြီဖြစ်ပြီး ရင်းနှီးမြှုပ်နှံရန်ကမ်းလှမ်းလာနေမှုများလည်း ရှိနေပါကြောင်း၊ အဆင်းရဲဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ၂၀၂၀ ခုနှစ်တွင် အလယ်အလတ်ဝင်ငွေရရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန် မျှော်မှန်းချက်ထားပြီး ကြိုးပမ်းလုပ်ဆောင်နေပါကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ယခင်က အထက်မှအောက်သို့ အဆင့်ဆင့်ညွှန်ကြားလုပ်ဆောင်သည့်စနစ် ကျင့်သုံးခဲ့ရာမှ ယခုအခါ ပြည်သူကို အခြေပြုသည့် ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ လတ်တလော ချက်ချင်းကောင်းကျိုးခံစားရနိုင်သည်များကို မိမိတို့အစိုးရအနေဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မိမိတို့တိုင်းပြည် ရေရှည်အကျိုးရှိ မည့်အရာများကို မိမိတို့အစိုးရလက်ထက်တွင် အုတ်မြစ်ချဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရနှင့်ဝန်ထမ်းများသည် မိဘနှင့် သားသမီးသဖွယ်ပင် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းဝင်ငွေစုဆောင်းသည့်စနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မူလတန်း၊ အလယ်တန်းများကို အခမဲ့ပညာရေးစနစ်ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများ၏ သားသမီးများ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်ဆုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားပညာတော်သင်များအတွက် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကိုလည်း ချီးမြှင့်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးအတွက် အခမဲ့ဆေးကုသရေး ကျန်းမာရေးနှင့်ပတ်သက်သည့် အရေးပေါ်ကိစ္စရပ်များတွင် အထောက်အပံ့ရရှိရေးတို့ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများ ကိုယ်ပိုင်အိမ်ရာဖြင့် နေထိုင်နိုင်ရန် ထိုက်သင့်သည့် စုဆောင်းငွေများအလိုက် အိပ်ခန်းတစ်ခန်း၊ နှစ်ခန်း၊ သုံးခန်းပါ အိမ်ရာစီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများ၏ ကောင်းမွန်သည့် အနာဂတ်အတွက် ရေတိုရေရှည်စီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှုရရှိရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဒေသခံပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**(သတင်းစဉ်)**

# ပြည်တွင်းရေးရာ

**❖ ကျော်ဖုံးမှ**

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပန်ကြားတင်ပြသည်။

ယင်းနောက် အခမ်းအနားမှူးများက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ မကြေညာမီ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုနောက်ခံသမိုင်းကြောင်း အကျဉ်းချုပ် တင်ပြခြင်း၊ အဖွင့် LED အထူးပြုလုပ်ချက်တင်ဆက်မှု အစီအစဉ်နှင့် အမျိုးသားအမျိုးသမီး ရွှေကြိုများနှင့် မိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်၍ ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ချီးမြှင့်ရာ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုအတွက် "ကြယ်စင်မော်ကွန်း" ဇာတ်ကားမှ ဂီတမှူး စန္ဒရားတင်ဝင်းလှိုင်က လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုအတွက် "စုန်းပြူး" ဇာတ်ကားမှ ခိုင်သင်းကြည်က လည်းကောင်း ရရှိကြပြီး တာဝန်ရှိသူများက အကယ်ဒမီ ရွှေစင်ရုပ်ဆုများ ချီးမြှင့်ကာ ဆုရရှိကြသူများက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် ရုပ်ရှင်အနုပညာရှင်များ၏ မျိုးဆက်သစ်သားသမီးငယ်များက ခေတ်လေးခေတ် ဖြတ်သန်းခဲ့သော ရုပ်ရှင်သမိုင်းကြောင်းအား "ကြယ်စင်လင်းတဲ့ မြန်မာ့ရုပ်ရှင်" တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်သည်။

ယင်းနောက် အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုအတွက် "နင်စေရင်" ဇာတ်ကားမှ မင်းဦးက လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုအတွက် "စေတန်ရဲ့ ကချေသည်" ဇာတ်ကားမှ ဒါရိုက်တာဝိုင်းက လည်းကောင်း ရရှိကြပြီး တာဝန်ရှိသူများက အကယ်ဒမီ ရွှေစင်ရုပ်ဆုများ ချီးမြှင့်ကာ ဆုရရှိကြသူများက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း" တေးသီချင်းကို မြန်မာ့စောင်းလက်သံနှင့် လေဆာစောင်း (Laserhurb) တို့ဖြင့် တွဲဖက်တီးခတ်ကာ ကကွက်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုအတွက် "နင်စေရင်"ဇာတ်ကားမှ ဝတ်မှုံရွှေရည်က လည်းကောင်း၊ အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုအတွက် "နင်စေရင်"ဇာတ်ကားမှ ပြေတီဦးက လည်းကောင်း ရရှိကြပြီး တာဝန်ရှိသူများက အကယ်ဒမီ ရွှေစင်ရုပ်ဆုများ ချီးမြှင့်ကာ ဆုရရှိကြသူများက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူ ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယခုနှစ်ဆုပေးပွဲတွင် ၂၀၁၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား ၁၅ ကားရှိပြီး အကောင်းဆုံး အနုပညာစွမ်းဆောင်ချက်များအပေါ် စိစစ်၍ ဆန်ခါတင်ခြောက်ကားအနက်မှ ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများနှင့် အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



"စေတန်ရဲ့ ကချေသည်" ဇာတ်ကားဖြင့် ဒါရိုက်တာဆုရ ဒါရိုက်တာဝိုင်းအား အကယ်ဒမီရွှေစင်ရုပ်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)



"နင်စေရင်" ဇာတ်ကားဖြင့် အမျိုးသားဇာတ်ဆောင်ဆုရ သရုပ်ဆောင်ပြေတီဦးအား အကယ်ဒမီရွှေစင်ရုပ်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)



"စုန်းပြူး" ဇာတ်ကားဖြင့် အမျိုးသမီးဇာတ်ပို့ဆုရ သရုပ်ဆောင်ခိုင်သင်းကြည်အား အကယ်ဒမီရွှေစင်ရုပ်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)



အကယ်ဒမီဆုရရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ ဇာဏီ(ကြေးမုံ)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး ယနေ့မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

❋ **မေခရိုမှ**

အငြိမ်းစားဝန်ထမ်းရွှေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ပါမောက္ခဦးမြတ်သိန်း၊ အငြိမ်းစား သံအမတ်ကြီး ဦးလှမောင်တို့က အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်အရ နိုင်ငံတော်က ရှေ့ဆက်ဆောင်ရွက်မည့်စီမံကိန်းများ၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး၊ ကုန်သွယ်ရေး၊ ဝင်ငွေမူဝါဒ(လုပ်ခစျေးနှုန်း)များ ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်လဲ့လဲ့သိန်းက နှစ်(၂၀)အမျိုးသားဘက်စုံဖွံ့ဖြိုးမှု စီမံကိန်းအားလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပွင့်ဆန်းက ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်မှုအားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဒေါ်ခင်စောဦးက ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ မူဝါဒအားလည်းကောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်



**မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပစဉ်။** (သတင်းစဉ်)

လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်ဝင်းမော်ထွန်းက အလုပ်သမားရေးရာနှင့် လုပ်ခလစာနှုန်းထားဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ရာ တက်ရောက်လာသည့် ပညာရှင်များထံမှ ပါဝင်အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ ကုန်သွယ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းနှင့် ပညာရှင်များဖြစ်ကြသော နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာစိန်မောင်၊ ဒေါက်တာလှမောင်၊ ပါမောက္ခဒေါ်ရီရီမြင့်၊ ဦးသန်းလွင်၊ ဒေါ်ခင်အုန်းသန်း၊ ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာတင်ဝင်းတို့က မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေး တည်ငြိမ်မှုအားဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များအပေါ် အလေးပေးကာ မူဝါဒများ၊ အခြေအနေများအား ပွင့်လင်းစွာသုံးသပ်အကြံပြုဆွေးနွေးခဲ့ကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိမ်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် သမ္မတရုံးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးများ၊ စီးပွားရေးပညာရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များ၊ တာဝန်ရှိသူများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❑

❁ **မြန်မာအမျိုးသမီးမှ**

နိုင်ငံတကာပွဲများနှင့် အဆက်ပြတ်နေသည့် မြန်မာအမျိုးသမီးအသင်းမှာ ပွဲအစပိုင်းတွင် အကောင်းဆုံးပုံစံရရှိရန်ရုန်းကန်ခဲ့ရသည်။ ပွဲအစ ၁၀ မိနစ်တွင် ဟာနန်းအသင်းက မထင်မှတ်ဘဲ ဦးဆောင်ဂိုးရရှိသွားပြီး ဗူသီသွမ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရ၍ မြန်မာအမျိုးသမီးအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဆန္ဒစောနေခြင်း၊ ဟာနန်းဂိုးသမားပုံစံကောင်းရရှိနေခြင်းကြောင့် မြန်မာအသင်း ထင်တိုင်းမပေါက်ခဲ့ပေ။ ပထမပိုင်း ပြီးခါနီးတွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူးရီရီဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစမှာပင် ခင်မိုးဝေက မြန်မာအသင်းအတွက် ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့သောကြောင့် ဟာနန်းအသင်း ခံစစ်သက်သက်ဖြစ်သွားခဲ့သည်။ မြန်မာအသင်းတိုက်စစ်မှူး ရီရီဦးက ၇၂ မိနစ်နှင့် ၇၈ မိနစ်တွင် နှစ်ဂိုးဆက်သွင်းကာ ဟက်ထရစ်ရရှိခဲ့ပြီး နောက်ဆုံး အနိုင်ဂိုးမှာမူ ပွဲပြီးခါနီးတွင် ဝင်းသီဂီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

# ဝန်ထမ်းများသက်သာချောင်ချိရေး အခြားကိစ္စရပ်များကို စဉ်းစားဆောင်ရွက်ပေးခြင်းဖြင့် မေခရိုစီးပွားရေးတွင် ငွေကြေးဖောင်းပွမှုသက်သာစေသည့် အနေအထားဖြစ်ပေါ်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာရာတွင် ယင်းနိုင်ငံ၏ စီးပွားရေး တည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှန်တည်းဟူသော တိုင်းတာမှုဖြင့်မှတ်ကျောက်ပြုကြသည်။ သို့မို့ကြောင့် နိုင်ငံတော်က ဦးဆောင်ကာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှု ကဏ္ဍစသည့်ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ကြသည်။ တစ်ချိန်တည်းတွင် မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပပေးပြီး အဖြေရှာကြသည်။

ယင်းနှင့်စပ်လျဉ်း၍ ဒီဇင်ဘာ ၂၇ ရက် နံနက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ ကျင်းပသည့် မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတွင် လုပ်ခလစာတိုးမြှင့်ရေးအခြေအနေနှင့် အနည်းဆုံးလုပ်ခလစာ အခြေအနေတို့ကို ဆွေးနွေးခဲ့ရာ တာဝန်ရှိသူအချို့အား မြန်မာ့သတင်းစဉ်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဒေါက်တာဝါဝါမောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**

လစာနှုန်းတိုးမြှင့်ဖို့အတွက် နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကကဏ္ဍတွေနဲ့ ဆွေးနွေးပွဲတွေ လုပ်နေတယ်။အခြားသောနိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့၊ ကမ္ဘာ့ဘဏ်တို့စတဲ့ အဖွဲ့အစည်းတွေရဲ့ အကြံပြုချက်တွေလည်းရှိတယ်။ ဒ့ါအပြင် ပြည်တွင်းစီးပွားရေးပညာရှင်တွေနဲ့လည်း တိုင်ပင်ဆွေးနွေးမှုတွေလုပ်တယ်။ အဓိကကတော့ ဘယ်လောက်အတိုင်းအတာအထိ တိုးရမလဲဆိုတဲ့ အပိုင်းမျိုး၊တိုးပေးဖို့ အလားအလာရှိပါတယ်။ တိုးတော့တိုးပေးမယ်၊ ဘယ်လောက် အတိုင်းအတာအထိ တိုးရမလဲပေ့ါ။ နိုင်ငံတကာမှာရှိတဲ့ ငွေကြေးနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေရှိတာကြောင့် နိုင်ငံရဲ့ဘတ်ဂျက် လိုငွေပြမှုဟာ စုစုပေါင်းတိုင်းပြည်ထုတ်ကုန်ရဲ့ ငါးရာခိုင်နှုန်းထက် မပိုရဘူးဆိုတဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်တွေရှိတယ်။ နိုင်ငံတကာရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီမှု ရှိအောင်ရယ်၊ တစ်ဖက်ကလည်း ဘယ်လောက်တိုးပေးမယ်ဆိုတဲ့အပိုင်းကို တွက်ချက်မှုတွေဆောင်ရွက်ဖို့နဲ့ အခုဆွေးနွေးပွဲကျင်းပခြင်းဖြင့် လက်ရှိဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေမှာ ထပ်မံဆောင်ရွက်ရမယ့် ပိုပြီးအာရုံစိုက်ဆောင်ရွက်ရမယ့် နယ်ပယ်ဧရိယာတွေကို ပညာရှင်တွေက ထောက်ပြမှုတွေကို မှတ်သားပြီး ပြုပြင်ပြောင်းလဲမှုတွေမှာ စွမ်းဆောင်ရည်ပြည့်ဝအောင်ဆောင်ရွက်ဖို့အတွက် လွတ်လပ်တဲ့စကားဝိုင်းတွေ ကျင်းပတာဖြစ်ပါတယ်။

ဝန်ထမ်းတွေအနေနဲ့ လစာတိုးသကဲ့သို့ ဝန်ထမ်းမိသားစုများ လိုအပ်တဲ့ပညာရေး၊ ကျန်းမာရေးအခြေခံဝန်ဆောင်မှုတွေ၊ လူမှုဖူလုံရေးစနစ်တွေ ဖွံ့ဖြိုးရေးစတဲ့ အခြေခံဝန်ဆောင်မှုတွေ တိုးတက်ဆောင်ရွက်ပေးဖို့လည်း များစွာအထောက်အကူဖြစ်စေနိုင်ပါတယ်။ ဝန်ထမ်းထုတွေ သက်သာချောင်ချိရေးဆိုင်ရာ အခြားကိစ္စရပ်တွေကို စဉ်းစားဆောင်ရွက်ပေးခြင်းအားဖြင့်လည်း မေခရိုစီးပွားရေးမှာ ငွေကြေးဖောင်းပွမှု သက်သာစေတဲ့ အနေအထားကို ဖြစ်ပေါ်စေနိုင်မယ်လို့ ထင်ပါတယ်။

**ဦးရဲမင်းအောင်(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)**

လစာငွေတိုးမြှင့်မှုနဲ့ပတ်သက်ပြီး အဓိက စဉ်းစားရမှာက အမျိုးသားယှဉ်ပြိုင်နိုင်မှုစွမ်းအားကို စဉ်းစားရမယ့်အပိုင်းပါလာတယ်။ ကျွန်တော်တို့က လစာကိစ္စနဲ့ပတ်သက်ပြီး နောက်ကလိုက်ပါလာမယ့် ငွေကြေးဖောင်းပွမှု ဖိအားတွေကိုလည်း ဘယ်လိုကာကွယ်မလဲ၊ စီမံခန့်ခွဲမလဲဆိုတာလည်း အရေးကြီးပါတယ်။ အစိုးရသက်တမ်းမှာ လစာတိုးထားတဲ့ ကိစ္စရပ်ကလည်း စဉ်းစားရမယ့် အနေအထားဖြစ်တယ်။ တိုးတယ်ဆိုတာကလည်း လိုအပ်လို့ တိုးတယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာရှိတဲ့ ဝန်ထမ်းလစာက အခြားနိုင်ငံတွေရဲ့



ဒေါက်တာစိန်မောင်



ဦးရဲမင်းအောင်



ဒေါက်တာဝါဝါမောင်

လစာထက်နည်းနေတယ်ဆိုတာ ဘယ်လိုမှငြင်းလို့မရပါဘူး။ တိုးဖို့တော့ စဉ်းစားရမယ်။ ဘယ်လိုပုံစံနဲ့တိုးမလဲ။ တိုးလို့ဖြစ်လာမယ့် အနုတ်လက္ခဏာသက်ရောက်မှုတွေကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ အရေးကြီးပါတယ်။ ဆရာကြီးအောင်ထွန်းသက်ပြောတဲ့ ဒီကိစ္စက စီးပွားရေးမေးခွန်းမဟုတ်ဘူး။ နိုင်ငံရေးမေးခွန်းသာဖြစ်တယ်။ပြန်ပြီးတော့ ဆောင်ရွက်မယ့် ပုံသဏ္ဍာန် နိုင်ငံရေး၊ စီးပွားရေး နှစ်ခုစလုံးကို ဘက်ပေါင်းစုံက စဉ်းစားရမယ့် အနေအထားဖြစ်လာတယ်။ ဝန်ထမ်းတွေရဲ့ လူနေထိုင်မှုအသုံးစရိတ်ဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်တွေကို ပံ့ပိုးပေး တဲ့ ပုံသဏ္ဍာန်မျိုးကို စဉ်းစားပေးသင့်တယ်။ လစာကိုတိုက်ရိုက်မပေးဘဲနဲ့အခြားအကျိုးရလဒ်ပေးတာမျိုး မစဉ်းစားသင့်ဘူးလား။ ဒါမျိုးကိုလည်း စဉ်းစားရမယ့် အနေအထားဖြစ်တယ်။ တကယ်စစ်မှန်တဲ့ ဝင်ငွေတက်လာအောင် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ ဒါတွေက အရေးကြီးတယ်လို့ ယူဆပါတယ်။ တိုင်းပြည်ရဲ့ လုပ်ခလစာအပြင် ဝန်ထမ်းတွေရဲ့ ထုတ်ကုန်စွမ်းအားကလည်း ပြည်သူတွေက ပေးတဲ့အခွန်တွေအပေါ်မှာ အသုံးပြုပြီး လစာပေးထားတာကြောင့် အများပြည်သူရဲ့ ကျေနပ်နှစ်သိမ့်မှုကိုရနိုင်တဲ့ ဝန်ဆောင်မှုတွေ ဝန်ထမ်းတွေဘက်က ပေးနေပြီလား။ တစ်နည်းအားဖြင့် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးရဲ့ စွမ်းဆောင်ရည်တွေကို ပြည်သူတွေ သဘောကျနေပြီလား။ အခွန်ထမ်း ပြည်သူတွေနှစ်သက်နေပြီလား။ ဒါတွေကလည်း စဉ်းစားရမယ့် အချက်တွေဖြစ်နေပါတယ်။ မနှစ်သက်သေးဘူး၊ သဘောမကျသေးဘူးဆိုရင် ပြည်သူတွေ အားကိုးနိုင်တဲ့၊ ပြည်သူတွေကို အကျိုးပြုနိုင်တဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေ ဖြစ်အောင်လုပ်ဖို့ကလည်း လိုအပ်နေပါသေးတယ်။ ဒီကိစ္စအင်မတန်မှရှုပ်ထွေးတယ်။ ထိလွယ်၊ ရှလွယ်တယ်။ ဒါကြောင့် စီးပွားရေးတစ်ခုတည်းနဲ့ မရပါဘူး။ ဘက်ပေါင်းစုံကနေ လူ့စွမ်းအားအရင်းအမြစ်၊ နိုင်ငံရေး အမြင်တွေနဲ့ စဉ်းစားရမယ်လို့ ယူဆပါတယ်။

**ဒေါက်တာစိန်မောင်(ဥက္ကဋ္ဌ၊ပထမပုဂ္ဂလိကဘဏ်)**

အခုစကားဝိုင်းက အင်မတန်အဖိုးတန်တယ်။ နိုင်ငံတော်အတွက်လည်း အကျိုးရှိတယ်။ ပါဝင်တဲ့သူတွေလည်း အကျိုးရှိတယ်။ အစိုးရက လက်တွေ့ရင်ဆိုင်နေရတဲ့ ပြဿနာ၊ ဝန်ထမ်းတွေ၊ အလုပ်သမားတွေ လုပ်ခလစာတိုးရေး၊ ဘယ်လိုတိုးမယ်၊ ဘယ်လောက်တိုးမလဲ၊ မူအားဖြင့်တော့ အားလုံးက တိုးချင်ကြတယ်။ဘာလို့လဲဆိုတော့ ရတဲ့လစာနဲ့ ဝန်ထမ်းက စားလို့မှ မလောက်ဘဲ၊ စားလို့ မလောက်တော့ တစ်နည်းတစ်ဖုံ လုပ်ခစားဆိုတဲ့ အနည်း ဆုံးလုပ်အားခလုပ်တယ်။ အခြားတိုင်းပြည်တွေမှာ တစ်နာရီကို ၁၀ဒေါ်လာစသဖြင့် ဒီမှာလည်း ဘယ်လောက်ပေးသလဲမသိဘူး။ ကုန်စျေးနှုန်းက တစ်ဖက်မှာတက်နေတော့ စားမလောက်ဘူး။ ထိုနည်းလည်းကောင်းပဲ အောက်ခြေဝန်ထမ်းတွေဖြစ်တဲ့ အစောင့်တို့၊ သန့်ရှင်းရေးသမားတို့လည်း မလောက်ဘူး။ တိုးပေးဖို့အားလုံးသဘောတူတယ်။ တိုးပေးရင် ခုနကဘဏ္ဍာရေးဝန်ကြီးပြောတာက ကုန်စျေးနှုန်းဘယ်လိုတက်လာမလဲ။ ငွေကြေးဖောင်းပွမှုတွေ ဘယ်လိုဖြစ်လာမလဲ။ ပုဂ္ဂလိကကဏ္ဍတွေ ဘယ်လိုဂယက်ရိုက်မလဲ။ အစိုးရဘတ်ဂျက်အနေအထား အဲဒါတွေကို ဆွေးနွေးကြတာ။အချုပ်ပြောရရင် ဥပဒေပြုပြီးတော့ တစ်နှစ်ကို ကုန်စျေးနှုန်းဘယ်လောက်မတက်ရဖူးဆိုတဲ့ ဥပဒေမျိုးလုပ်ပါ။ လိုက်အကောင်အထည်ဖော်ပါ။ အဲဒါကို နှစ်ရာခိုင်နှုန်းမတက်ရဘူးဆိုရင် မူတွေအားလုံးက ဒီအပေါ်မှာ လာစုမယ်။ ဘဏ္ဍာရေးကလည်း အသုံးစရိတ်တွေ ဆင်ခြင်မယ်။ အစိုးရဌာနကလည်းမလိုတဲ့ အသုံးစရိတ်တွေ ထိန်းချုပ်မယ်။ အခွန်တွေတိုးကောက်ရမယ်။ ပြဿနာအတိမ်အနက်က အကြီးကြီးပေ့ါ။ အဲဒီတော့ ဒီလိုခေါ်ဆွေးနွေးတာ ဒါကအဖြေရှာတာပေ့ါလေ။ ဒါကောင်းပါတယ်။

မြန်မာနိုင်ငံတွင် လုပ်သားဦးရေ ၂၂ ဒသမ ၅၇ သန်းရှိပြီး နိုင်ငံပိုင်ကဏ္ဍ၌ အစိုးရဝန်ထမ်း ၁ ဒသမ ၄ သန်းရှိကာ ပုဂ္ဂလိကနှင့် အခြားကဏ္ဍ၌ ၂၁ ဒသမ ၁၇ သန်းရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စက်တင်ဘာ ၁ ရက်စာရင်းအရ စုစုပေါင်း အစိုးရဝန်ထမ်းဦးရေမှာ ၁၀၈၆၇၃၀ ဦးရှိသည်။ အမြဲတမ်းဝန်ထမ်းမှာ ၉၃၇၂၉၇ ဦးရှိပြီး နေ့စားဝန်ထမ်းမှာ ၁၄၉၄၃၃ ဦးရှိသည်။ ပင်စင်စားဦးရေမှာ စုစုပေါင်း ၈၂၈၂၇၄ ဦးရှိသည်ဟု ယနေ့ဆွေးနွေးပွဲအရ သိရသည်။

အခုအစိုးရသစ်လက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများအား ထောက်ပံ့ကြေးနှင့်လစာတိုးမြှင့်ခဲ့သည်မှာ သုံးကြိမ်ရှိပြီဖြစ်ကြောင်းသိရသည်။

**သတင်း-ခင်ချိုဝင်း၊ ဝင်းဝင်းမော်**

**ဓာတ်ပုံ - ရဲထွဋ်**

ပြည်တွင်းရေးရာ

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲ ရုပ်ရှင်လောကသားများနှင့် ပရိသတ် ထပ်တူနီးပါးဖြစ်သည့် အကယ်ဒမီဆုရှင်တို့၏ ရင်တွင်းစကား

အင်တာဗျူး » ဆုနှင်းလဲ့၊ ထက်ခိုင်(စမ်းချောင်း)
ဓာတ်ပုံ » ခင်မောင်ဝင်း၊ ဇာဏီ၊ လှိုင်မိုး(ကြေးမုံ)

ယခုနှစ်ကျင်းပသည့် ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီပေးအပ်ပွဲသည် ၂၀၁၃ ခုနှစ်အတွက် ပေးအပ်ခြင်းဖြစ်ပြီး အကယ်ဒမီဆန်ခါတင် ဇာတ်ကားစုစုပေါင်း ၁၅ ကားရှိသည့်အနက် ဇာတ်ကားခြောက်ကား အကယ်ဒမီတန်းဝင်ကြောင်း သိရသည်။ ထိုကားခြောက်ကားမှာ "စေတန်ရဲ့ ကချေသည်"၊ "နှင်စေရင်"၊ "အဖြူရောင်ရဲတိုက်"၊ "စုန်းပြူး"၊ "ကိုယ့်အထာနဲ့ကိုယ်" နှင့် "ကြယ်စင်မော်ကွန်း" တို့ပင် ဖြစ်သည်။

အကယ်ဒမီရွှေစင်ဆု ၁၁ ဆု ပေးအပ်ရန်လျာထားခဲ့ရာ အကယ်ဒမီခြောက်ခုကို ပေးအပ်ခဲ့ပြီး အဆိုပါဇာတ်ကားခြောက်ကားမှပင် ရွေးချယ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထူးချွန်ဆု သုံးဆုမှာ "နှင်စေရင်" ဇာတ်ကားမှ ရရှိခဲ့ခြင်းဖြစ်သည်။ သရုပ်ဆောင်ပြေတီဦး၊ မင်းဦး၊ ဝတ်မှုံရွှေရည်တို့မှာ "နှင်စေရင်" ဇာတ်ကားဖြင့် အကယ်ဒမီရွှေစင်ရုပ်များကိုရရှိခဲ့ပြီး ဒါရိုက်တာဝိုင်းမှာ "စေတန်ရဲ့ ကချေသည်" ဇာတ်ကားဖြင့် ဒါရိုက်တာဆု၊ ခိုင်သင်းကြည်မှာ "စုန်းပြူး" ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု၊ စန္ဒရားတင်ဝင်းလှိုင်မှာ ကြယ်စင်မော်ကွန်းဇာတ်ကားဖြင့် အကောင်းဆုံးတေးဂီတဆုတို့ကိုရရှိခဲ့ခြင်းဖြစ်သည်။ ရုပ်ရှင်ကြည့်ပရိသတ်များနှင့် ရုပ်ရှင်လောကသားများ ထပ်တူနီးနီးဖြစ်ခဲ့သည့် ၂၀၁၃ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီပေးအပ်ပွဲ အကယ်ဒမီဆုရှင်တို့ခံစားမှု ပီတိစကားသံအချို့ကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။


အကယ်ဒမီ ဝတ်မှုံရွှေရည်။


အကယ်ဒမီ မင်းဦး။


အကယ်ဒမီ ခိုင်သင်းကြည်။

**ခိုင်သင်းကြည်**

မျှော်မှန်းထားပြီးမှ ရတဲ့အတွက် အလွန်ကိုဝမ်းသာပါတယ်။ ဒီနှစ်မှာ ရုပ်ရှင်အသိပညာရှင်၊ အတတ်ပညာရှင်တွေက စိစစ်ရွေးချယ်ပေးအပ်တဲ့အတွက်ကြောင့်လည်း ပိုပြီး ဂုဏ်ယူမိပါတယ်။ ဒီလောက်နှစ်တွေ အကြာကြီးနေမှ အကယ်ဒမီဆုကို ရရှိခဲ့တဲ့အတွက် အလွန်ကိုပဲဝမ်းသာပါတယ်။

**ဝတ်မှုံရွှေရည်**

အလွန်ပျော်ပါတယ်။ ပရိသတ်ရဲ့ရစေချင်တဲ့စိတ် စေတနာကြောင့်လည်း ရရှိခဲ့တာပါ။ ရှေ့လျှောက်ပြီးလည်း ဒီထက်ပိုကြိုးစားသွားပါ့မယ်လို့ ပြောချင်ပါတယ်။ ပရိသတ်ရဲ့မေတ္တာတွေနဲ့ ဆက်လက်ကြိုးစားသွားပါ့မယ်။

**မင်းဦး**

ပရိသတ်တွေရစေချင်တဲ့စေတနာကြောင့်ရခဲ့တာပါ။ အနုပညာလောကမှာ ရုပ်တည်ခွင့်ရအောင် ချစ်စရာကောင်းတဲ့ မင်းဦး၊ မုန်းစရာကောင်းတဲ့ မင်းဦးဆိုပြီးတော့ အမြဲရုပ်တည်အားပေးခဲ့တဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ပိုပြီးတော့ ဂုဏ်ယူပါတယ်။ အဆင်အပြင်ရော အကုန်လုံးအသစ်ဖြစ်လို့ ကျွန်တော်တို့အတွက်လည်း ဂုဏ်ယူရပါတယ်။

**ဝိုင်း**

အမှန်အတိုင်းပြောရရင် ဒီဆုက ပရိသတ်တွေ အလွန်ရစေချင်တဲ့ဆန္ဒကြောင့်လို့ ယူဆပါတယ်။ ကျွန်တော်ရဲ့ ကြိုးစားမှုကတစ်ဝက်၊ ပရိသတ်ရဲ့ဆန္ဒက တစ်ဝက်ပါ။ ပရိသတ်ကိုကိုယ်စားပြုတဲ့ဆုလို့ မရခင်ကလည်း အကြိမ်ကြိမ်အခါခါ ပြောပါတယ်။ ဒါဟာပရိသတ်ကို ကိုယ်စားပြုတဲ့ဆုပါ။ ပရိသတ်တွေရစေချင်တဲ့ဆန္ဒနဲ့ ကိုက်ညီတဲ့သူတွေ များများစားစားရတဲ့အတွက် ပြည်သူနဲ့ အမှတ်ပေးဒိုင်တွေကြားမှာ အမြင်ချင်းနီးစပ်လာတယ်လို့ ခံစားရတယ်။ အကယ်ဒမီတကယ်ရပြီလေ။ အရင်နှစ်တွေက အကြိမ်ကြိမ်အခါခါ စိတ်ကူးနဲ့ပေးပြီးတော့ လွဲခဲ့ရတဲ့ အကြိမ်တွေအတွက် ကိုယ်စားပြုတာပါ။


အကယ်ဒမီဆုရ ဒါရိုက်တာဝိုင်းအား အနုပညာမောင်နှမများက ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။


အကယ်ဒမီဆုရ ပြေတီဦးအား အနုပညာမောင်နှမများက ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။

## မင်္ဂလာပါ ဆောင်းတစ်ည

❖ ပီတိဖုံးနေတဲ့
မျက်လုံးပေါင်း ကုဋေကုဋာ
တီဗွီရှေ့ကမခွာ
မင်္ဂလာပါ ထိုတစ်ည

❖ ကြည်နူးမဆုံး၊ အပြုံးများဆင့်
ပွဲလယ်တင့်သည်၊ စင်မြင့်ထက်တင်
အကယ်ဒမီရှင်များ
ရွှေစင်ရုပ်လေးများနှင့်အတူ
ဂုဏ်ယူဖွယ် ထိုမြင်ကွင်း
သတင်းသည့်မွှေး
ရွှေပေးလို့မရ၊ ငွေပေးလို့မရ
အဖိုးအနဂ္ဃ ထိုက်တန်
သဏ္ဌာန်လုပ် သရုပ်ပီပြင်
ရုပ်ရှင်သည် ပြည်သူ့အတွက်
ရုပ်ရှင်သည် တိုင်းပြည်အတွက်
ဂုဏ်တက်စေသည့် ဝိသေသ
မင်္ဂလာပါ ဆောင်းတစ်ည

(အကယ်ဒမီပွဲ ဂုဏ်ပြုအမှတ်တရ)

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)


အကယ်ဒမီဆုရ ဝတ်မှုံရွှေရည်အား အနုပညာမောင်နှမများက ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။

# မြဝရာအားကစားပွဲတော် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြဝရာ အားကစားပွဲတော်၏ အားကစားပွဲများကို ယမန်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်တာဝန်ရှိသူများသည် မြောင်းမြမြို့ နောင်ရိုးခန်းမ(၁)၌ ဘော်လီဘောဗိုလ်လုပွဲနှင့် ပိုက်ကျော်ခြင်းဗိုလ်လုပွဲတို့ကို ကြည့်ရှုအားပေးကြပြီး ဆုရအားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ နောင်ရိုးအားကစားခန်းမ(၂)၌ စားပွဲတင်တင်းနစ်နှင့် ကြက်တောင်ရိုက် ဗိုလ်လုပွဲများကို ကြည့်ရှုအားပေးကြပြီး ဆုရအားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြောင်းမြတင်းနစ်အားကစားကွင်း၌ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ကြည့်ရှုအားပေးကြပြီး ဆုရအားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြောင်းမြမြို့ ပြည်သူ့အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ကြည့်ရှုအားပေးကြပြီး ဆုရအားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ခြင်းလုံးအားကစားရုံ၌ ခြင်းလုံးပြိုင်ပွဲကို ကြည့်ရှုကာ ဆုရအသင်းများအား ဆုများ ချီးမြှင့်သည်။

ထို့နောက် နောင်ရိုးအားကစားခန်းမ(၃)၌ လက်ဝှေ့၊ ဂျူဒို၊ ကရာတေးဒိုပြိုင်ပွဲများကိုကြည့်ရှုအားပေးကြပြီး ဆုရအားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် မြောင်းမြမြို့ အလေးမအားကစားခန်းမ၌ အလေးမပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ဆုရအားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြောင်းမြမြို့ အထက(၆)၌ အမျိုးသားဘတ်စကက်ဘောဗိုလ်လုပွဲကို ကြည့်ရှုအားပေးကြပြီး ဆုရအားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြကာ ပြည်ထောင်စုဝန်ကြီးက ပထမဆု အမျိုးသား၊ အမျိုးသမီးအသင်းများအား တံခွန်စိုက်ဆုဖလားများကို ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြဝရာဂေါက်ကလပ်၌ ဂေါက်သီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

# ယွန်းပညာကောလိပ်(ပုဂံ)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

**ပုဂံ ဒီဇင်ဘာ ၂၇**

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ယွန်းပညာကောလိပ်(ပုဂံ) အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ခေတ်မီယွန်းပညာရပ်နှင့် သမဝါယမပညာရပ်များ သင်ကြားနိုင်ရန်အတွက် သမဝါယမတက္ကသိုလ်များအထိ အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများအနေနှင့် သင်ကြားရေးလုပ်ငန်းများတွင် ကျောင်းသား ကျောင်းသူများကိုပါ ပူးပေါင်းပါဝင်နိုင်အောင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ယွန်းပညာကောလိပ်စာကြည့်တိုက် ဝန်ထမ်းအိမ်ရာ အသစ်ဆောက်လုပ်မည့် အမျိုးသမီးဆောင် မြေနေရာနှင့် အဝီစိတွင်းတူးဖော်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)



# တရားမဝင်ကျွန်းသစ်တုံး သယ်ဆောင်သူများကို အရေးယူ

**ရေတာရှည် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်တောအတွင်းမှ ဆိုင်ကယ်ဖြင့် တရားမဝင်ကျွန်းသစ် ဓားရွေတုံးသယ်ဆောင်လာသော ဆိုင်ကယ်လေးစီးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဦးစီးဌာန တာဝန်ရှိသူများက ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ဆွာနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။ တရားမဝင်သစ်ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက အရေးယူဆောင်ရွက်လျက်ရှိသော်လည်း သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း တရားမဝင်သစ်ထုတ်လုပ်မှုများ ရှိနေဆဲဖြစ်ကာ နေပြည်တော် ဒက္ခိဏခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းထွန်းနှင့် တာဝန်ရှိသူများက ရိုးမကြိုးပြင် ကာကွယ်တော အကွက်အမှတ်(X111)အတွင်း ရှင်းလင်းဆောင်ရွက်ခဲ့ရာ ဆိုင်ကယ်များပေါ်တွင် တရားမဝင်ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသူများကို ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၃၀)ဘားအံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ကော့မူးတာကျေးရွာနေ ဘိုသိန်း(ခ)ဘိုတင်၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ဘိုသိန်း(ခ)ဘိုတင်မှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ လုပ်သေနတ်(ကိုးလုံးကျည်)ဖြင့် ပစ်ခတ်ရန်ကြိုးစားစဉ် ဝင်ရောက်လုံးထွေးဖမ်းဆီးရမိပြီး ၎င်း၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၊ သုည ဒသမ ၄၅ ကျည်ဖြင့် ပစ်၍ရသော လုပ်သေနတ်အတို တစ်လက်၊ ကိုးလုံးကျည်ဖြင့် ပစ်၍ရသော လုပ်သေနတ်အတို တစ်လက်၊ အမေရိကန်နိုင်ငံလုပ် (91) လက်ပစ်ဗုံး တစ်လုံး၊ NO(36) N စာတန်းပါ လက်ပစ်ဗုံး တစ်လုံး၊ ကိုးလုံးကျည် သုံးတောင့်နှင့် ယမ်းမှုန့်များပါ ကော်ဘူး တစ်ဘူးတို့ကို သိမ်းဆည်းရမိ၍ ဆက်လက်ရှာဖွေရာ ၎င်း၏ဇနီး မလှရီအား တွေ့ရှိရပြီး အိပ်ရာအနီးမှ တူမီးသေနတ် တစ်လက်ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ဘိုသိန်း (ခ) ဘိုတင် (၆၀ နှစ်) နှင့် ဒေါ်လှရီ (၅၆ နှစ်)တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၂၅ ရက်က



ဘိုသိန်း (ခ) ဘိုတင်နှင့် ဒေါ်လှရီတို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

ကောလင်းမြို့နယ် ခံသာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ကောလင်းမြို့နယ် စွယ်ရာကျေးရွာအုပ်စု မုတ်ဝကျေးရွာနေ စံလင်း၏နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းနှင့်အတူ ညဏ်ဝင်းနှင့် ဖိုးမွှေးတို့အား တွေ့ရှိပြီး ညဏ်ဝင်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် သုံးခွက် (အလေးချိန် ၃၁ ဂရမ်)နှင့် ပလတ်စတစ်ပိုက် နှစ်ချောင်းဖြင့် ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၀၁ ဂရမ် စုစုပေါင်းဘိန်းဖြူ အလေးချိန် ၃၁ ဒသမ ၀၁ ဂရမ် သိမ်းဆည်းရမိသဖြင့် စံလင်း (၄၇ နှစ်)၊ ညဏ်ဝင်း (၄၅ နှစ်)နှင့် ဖိုးမွှေး (၂၆ နှစ်)တို့ သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့နောက် ဒီဇင်ဘာ ၂၅ ရက်က မိုးမောက်မြို့နယ် စိန်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမောက်မြို့နယ် စိန်လုံ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် လွယ်ဂျယ်ဘက်မှ ဗန်းမော်ဘက်သို့ အားဝေမောင်းနှင်ပြီး မောင်စိုး လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၅ ပြား သိမ်းဆည်းရမိသဖြင့် အားဝေ (၂၃)နှစ်နှင့် မောင်စိုး(၂၆)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

**မူးယစ်ကင်းစင် မြန်ပြည်တစ်ခွင်**




ရွှေနဂါး (ဝရိုက်ပြင်း)
ကျိုက်ထီးရိုး(နေ့စဉ်)-40000
ချောင်းသာ (နေ့စဉ်)-55000
Ph:209077, 09-73167000
209388, 09-73168000

ဆူပြည့် ကားမျိုးစုံ စီးလုံးငှားသည်
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀
ချောင်းသာ(ငြိမ်း)- ၄၀၀၀၀
ငွေဆောင်(ငြိမ်း)- ၅၀၀၀၀
New Year 6+1 FREE (Dec-26, Jan-2/9)
0931815390,0931815395

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကားမျိုးစုံငှားနိုင်ပါသည်၊
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်းငှားနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-663161
09-31065335, 09-975599880

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ကျောက်တန်း ဒီဇင်ဘာ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့အားကစားကွင်း၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၇ နာရီက (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ တံတားမြို့အထွေထွေအုပ်ချုပ်ရေးမှူးဦးရဲမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်ရေးမှူးအား ချိတက်အလေးပြုကာ ပြိုင်ပွဲအားဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

# အမေရိကန်၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာလူငယ်အဖွဲ့ သွားရောက်ယှဉ်ပြိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ အမေရိကန်နိုင်ငံ Florida မြို့ World Golf Village Resort, American ၌ ကျင်းပသည့် The American Junior WJGS 2014 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲသို့ အသင်းအုပ်ချုပ်သူ ဦးချမ်းဟန်နှင့် ပြိုင်ပွဲဝင် အမျိုးသားအားကစားသမား ဘုန်းပြည့်ချမ်းဟန်၊ ဟိန်းစည်သူနှင့် အမျိုးသမီးအားကစားသမား ဖူးပွင့်ရတီခိုင်တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ အားကစားသမား စုစုပေါင်း ၅၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာလူငယ် အမျိုးသမီးအားကစားသမား ဖူးပွင့်ရတီခိုင်က အဆင့်(၇)ရရှိခဲ့ပြီး အမျိုးသားအားကစားသမား ဘုန်းပြည့်ချမ်းဟန်ကအဆင့်(၁၁)နှင့် ဟိန်းစည်သူက အဆင့်(၂၅)အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# နောက်ခံလူ ဂျွန်တယ်ရီအား မော်ရင်ဟိုချီးကျူး

ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီသည် လွန်ခဲ့သည့် ၁၀ နှစ်နီးပါးက ပရီမီယာလိဂ်ဖလားရယူပေးနိုင်ခဲ့သကဲ့သို့ ချယ်လ်ဆီးအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက ချီးကျူးစကားပြောကြားလိုက်သည်။

နောက်တန်းကစားသမား ဂျွန်တယ်ရီသည် ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆ ခုနှစ်များတွင် ချယ်လ်ဆီးအသင်းနှင့်အတူ ခြေစွမ်းပြ ကစားနိုင်ခဲ့သူဖြစ်ပြီး လက်ရှိတွင် အသက်(၃၄)နှစ်ရှိနေပြီဖြစ်သည်။ သို့ရာတွင် အသက်အရွယ်ပိုင်းအရ ကြီးရင့်သော်လည်း ဝက်စ်ဟမ်းအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် ပွဲကစားချိန် ၃၁ မိနစ်တွင် ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် မော်ရင်ဟိုက ချယ်လ်ဆီးအသင်းအား ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ဆက်လက်ဦးဆောင်နိုင်ရေး စွမ်းဆောင်ပေးခဲ့သူဟု ချီးကျူးစကားပြောကြားခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ဒီဇင်ဘာ ၂၈ ရက်တွင် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နှစ်သစ်ကူးနေ့ဖြစ်သည့် ဇန်နဝါရီ ၁ ရက်တွင် စပါးအသင်းနှင့်လည်းကောင်း၊ ဇန်နဝါရီ ၄ ရက်တွင် ဝက်ဖို့ဒ်အသင်းနှင့် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ငွေကြယ်)**



# တပ်ကုန်းမြို့၌ စတုတ္ထအကြိမ် စုပေါင်းလမ်းလျှောက်

**တပ်ကုန်း ဒီဇင်ဘာ ၂၇**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စတုတ္ထအကြိမ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၅ နာရီ ၁၅ မိနစ်တွင် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူး၍ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းလျှောက်ပွဲတွင် သက်ဆိုင်ရာမှ တာဝန်ရှိသူများ၊ အားကစားကို ချစ်မြတ်နိုးကြသော တပ်ကုန်းမြို့နယ်ရှိ ဒေသခံပြည်သူများ စုစုပေါင်း ၂၉၉၆ ဦး ပါဝင်ပြီး စုပေါင်းလမ်းလျှောက်ခဲ့ကြောင်းသိရသည်။

**ဇင်ဘို(ကြေးမုံ)**

# မန်စီးတီးနှင့်အတူ ကွန်ပနီပြန်လည်ပွဲထွက်လာတော့မည်

မန်စီးတီးအသင်း ခေါင်းဆောင် ကွန်ပနီသည် ဒီဇင်ဘာ ၂၈ ရက်တွင် ဘန်လေအသင်းနှင့် ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်စီးတီးအသင်းနှင့်အတူ ပြန်လည်ပွဲထွက်လာတော့မည်ဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီက ပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံကြယ်ပွင့် ကွန်ပနီသည် ယခုလအစောပိုင်းက လက်စတာအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် မန်စီးတီးအသင်းနှင့်အတူ ပွဲထွက်ကစားခွင့်လွဲခဲ့ရသည်။

သို့ရာတွင် ကွန်ပနီ၏ တံကောက်ကြောဒဏ်ရာသည် ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် ဘန်လေအသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း ဝက်စ်ဘရွန်းအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်အပြီးတွင် နည်းပြပယ်လီဂရီနီက ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

မန်စီးတီးအသင်း၏ တိုက်စစ်ပိုင်းတွင် ဇက်ကိုနှင့် အဂူရိုတို့သည်လည်း ဒဏ်ရာပြဿနာများ ကြုံနေခြင်းကြောင့် အဆိုပါကစားသမားနှစ်ဦးသည် ဘန်လေအသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာရန် မသေချာသေးကြောင်းနှင့် ဂျိုးဗိတစ်မှာမူ ဘန်လေနှင့် ပွဲစဉ်တွင် ပါဝင်လာမည့်အခြေအနေတွင်ရှိကြောင်း ပယ်လီဂရီနီက ဆိုသည်။

ဝက်စ်ဘရွန်းအသင်းနှင့် ပွဲစဉ်တွင် မန်စီးတီးအသင်းသည် တိုက်စစ်မှူးမပါဘဲကစားခဲ့ရပြီး ဝက်စ်ဘရွန်းအသင်း၏ နောက်တန်းကောင်းမွန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသော်လည်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းအပေါ် ဝမ်းမြောက်မိပါကြောင်းနှင့် ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး၊ မဖြစ်ရေးသည် ဒီဇင်ဘာလအတွင်း ကစားခဲ့သည့် ပွဲစဉ်များက အဆုံးအဖြတ်ဖြစ်လာမည်မဟုတ်ကြောင်းလည်း ပယ်လီဂရီနီက ပြောကြားခဲ့သည်။ **(ငွေကြယ်)**

# ရီးယဲလ်မက်ဒရစ်၌သာ စီရိုနယ်လ်ဒို ကစားသမားဘဝ အဆုံးသတ်မည်


ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုသည် လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာလိမ့်မည်မဟုတ်ဘဲ ရီးယဲလ်မက်ဒရစ်အသင်း၌သာ ကစားသမားဘဝအဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့်နှစ်က ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သစ်ထပ်တိုးမချုပ်ဆိုမီ အသင်းဟောင်းမန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများရှိခဲ့သော်လည်း လက်ရှိတွင်မူ ရီးယဲလ်မက်ဒရစ်အသင်းကို စွန့်ခွာမည်မဟုတ်ဘဲ ရီးယဲလ်မက်ဒရစ်အသင်း၌သာ ကစားသမားဘဝ အနားယူမည်ဖြစ်ကြောင်း ၎င်း၏ ကိုယ်စားလှယ်ဖြစ်သူက ပြောကြားခဲ့သည်။ စီရိုနယ်လ်ဒိုသည် စာချုပ်သစ်ချုပ်ဆိုခဲ့ပြီးနောက် ဘာနေဗျူးတွင် ၂၀၁၈ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် လက်ရှိတွင် အသက်(၂၉)နှစ်ရှိနေပြီး ၎င်း၏ စာချုပ်သက်တမ်း ကုန်ဆုံးမည့် ၂၀၁၈ ခုနှစ် နွေရာသီကာလတွင် အသက်(၃၃)နှစ်ပြည့်မည်ဖြစ်ကြောင်းလည်း သိရသည်။ "စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်မှာ ပျော်ရွှင်မှုရှိနေသလို ရီးယဲလ်မက်ဒရစ်အသင်းအတွက် အောင်မြင်မှုတွေအများကြီး ဆောင်ကြဉ်းပေးဦးမယ်လို့ ပြောထားတာလည်း ရှိပါတယ်၊ အဲဒါကြောင့် စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်မှာပဲ ကစားသမားဘဝ အဆုံးသတ်မယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်၊ စီရိုနယ်လ်ဒိုဟာ ဘောလုံးသမိုင်းမှာ အကောင်းဆုံးကစားသမားတစ်ဦးလို့လည်း ဆိုရမှာပါ၊ သူ့လိုမျိုး ကစားသမား နောက်ထပ်ပေါ်လာဖို့ဆိုတာလည်း လောလောဆယ် လမ်းမမြင်မိပါဘူး"ဟု တိုက်စစ်မှူး စီရိုနယ်လ်ဒို၏ ကိုယ်စားလှယ်ဖြစ်သူက ပြောကြားခဲ့သည်။

**(နိုင်လင်းကြည်)**

# ဒီမာရီယာ၏ ဒဏ်ရာ ပြင်းထန်ခြင်းမရှိကြောင်း ဗန်ဟားလ်အတည်ပြု



အင်္ဂလန်ထိပ်သီးကလပ် မန်ယူအသင်း၏နည်းပြဖြစ်သူ လူးဝစ်ဗန်ဟားလ်သည် အသင်း၏ အဓိကကစားသမားဖြစ်သည့် ဒီမာရီယာ၏ ဒဏ်ရာအခြေအနေမှာ ဆိုးရွားပြင်းထန်ခြင်းမရှိဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။ ဒီမာရီယာမှာ ယခုလတွင် ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေရခြင်းဖြစ်ပြီး ဒီဇင်ဘာလအတွင်းကစားခဲ့သည့် ပွဲစဉ်များတွင် စုစုပေါင်း ၂၉ မိနစ်ခန့်သာ ပါဝင်ကစားခဲ့ကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ ထို့အပြင် ဒီမာရီယာမှာ အက်စတွန်ဗီလာအသင်းနှင့်ကစားခဲ့သည့် ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားခဲ့သလို နယူးကာဆယ်အသင်းနှင့် ပွဲစဉ်တွင်လည်း လေ့ကျင့်ခန်းဆင်းနေစဉ် တံကောက်ကြောဒဏ်ရာထပ်မံရရှိခဲ့ခြင်းဖြစ်ပြီး အနည်းဆုံးရက်သတ္တနှစ်ပတ်ခန့် ပြန်လည်အနားယူရဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့သည်။

ဗန်ဟားလ်မှာ ဒီမာရီယာ၏ ဒဏ်ရာအခြေနေအပေါ် အထူးစိုးရိမ်ခဲ့သော်လည်း ၎င်း၏ဒဏ်ရာမှာ ပြင်းထန်ခြင်းမရှိသောကြောင့် ကာလအနည်းငယ်ခန့်သာအနားယူရဖွယ်ရှိကြောင်း သိရသည်။ ထို့ကြောင့် ဒီမာရီယာမှာ အသင်း၏ လာမည့်ပွဲစဉ်များကို ဆက်လက်လွဲချော်ဖွယ်ရှိနေပြီး အနည်းဆုံး သုံးပွဲခန့် ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း အသင်း၏ဆေးအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။ ဒီမာရီယာမှာ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ရီးယဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ၁၂ ပွဲပါဝင်ကစားကာ သုံးဂိုးသွင်းပေးခဲ့ကြောင်း သိရသည်။ **(ကိုရဲ)**

## ဒီဇင်ဘာ ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် ကစားမည့် ပရီမီယာလိဂ် ပွဲစဉ်(၁၉)ပွဲစဉ်များ

| | | | |
|---|---|---|---|
| စပါး | - | မန်ယူ | ည-၆း၃၀ |
| ဆောက်သမ်တန် | - | ချယ်လ်ဆီး | ည-၈း၃၅ |
| ဗီလာ | - | ဆန်းဒါးလန်း | ည-၉း၃၀ |
| ဟားလ်စီးတီး | - | လက်စတာ | ည-၉း၃၀ |
| မန်စီးတီး | - | ဘန်လေ | ည-၉း၃၀ |
| ကျူပီအာ | - | ခရစ္စတယ်ပဲလေ့စ် | ည-၉း၃၀ |
| စတုတ်စီးတီး | - | ဝက်စ်ဘရွန်း | ည-၉း၃၀ |
| ဝက်စ်ဟမ်း | - | အာဆင်နယ် | ည-၉း၃၀ |
| နယူးကာဆယ် | - | အဲဗာတန် | ည-၉း၃၀ |
| လီဗာပူး | - | ဆွမ်ဆီး | နံနက်-၂း၃၀ |

**(မောင်မောင်ဇော်)**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

ကျွန်တော်များ LP Holding Co., Ltd သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်(၈၂ အက်ဖ်စီ/၁၉၉၃-၁၉၉၄) ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီ လ ၂၁ ရက်နေ့တွင် ရရှိခဲ့ပါသည်။ သို့သော် ၎င်းလက်မှတ်မှာ ကျွန်တော်များရုံးခန်း အပြောင်းအရွှေ့တွင် အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားခဲ့ပါသဖြင့် အသစ်ပြန်လည်လျှောက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

(၂၃ . ၈ . ၂၀၁၄)တွင်ကျင်းပပြုလုပ်ခဲ့သော ဒု-အကောက်ခွန်မှူး စာမေးပွဲတွင် 7stars မှ အောင်မြင်ခဲ့သော သင်တန်းသား / သူများအားဂုဏ်ပြုလျက်
7stars( ရာထူးဝင်သင်တန်းကြီး )
ဒု - အကောက်ခွန်မှူး
( ရေးဖြေ ၊ ရေကူး ၊ ကွန်ပျူတာ ၊ လူတွေ့စစ်ဆေးခြင်း )
အပြည့်စုံဆုံးမှတ်စုများအား ရောင်းချပေးနေပါပြီ။ အနီးကပ်တန်းခွဲ ၁၅ ရက်တက်ရှိသည်။
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံး၀) မရှိပါ ။
09.421052736, 09.49282366, 09.799860155

## မကွေးမြို့တွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေး ကာကွယ်ဆေးတိုက်ကျွေးခြင်း လုပ်ငန်းဆောင်ရွက်

**မကွေး၊ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာရပ်ကွက်ရှိ အိမ်ခြေပေါင်း ၂၂၃၄ အိမ်၊ အိမ်ထောင်စုပေါင်း ၂၃၇၆ စု၊ လူဦးရေ ၁၇၀၇၃ ဦးတို့အား ဆင်ခြေထောက်ရောဂါကင်းဝေးစေရေးအတွက် ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် သူနာပြုသားဖွားဆရာမဒေါ်ငွေငွေမော်၊ နယ်မြေတာဝန်ခံသူနာပြုသားဖွားဆရာမဒေါ်သက်စုနွယ်နှင့် အရန်သူနာပြုသားဖွားဆရာမများက အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့်ပူးပေါင်း၍ အိမ်တိုင်ရာရောက် တိုက်ကျွေးခြင်းအပြင် ဆေးသောက်သုံးခြင်းဖြင့် ဆေးအာနိသင်ကြောင့် ရောဂါကာကွယ်ပြီးဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောပြခဲ့သည်။

ယင်းဆင်ခြေထောက်ရောဂါ လူတိုင်းကင်းဝေးစေရေးအတွက် ဒီအီးစီနှင့် အယ်ဘန်ဒါဇိုး ဆေးနှစ်မျိုးကို တိုက်ကျွေးရာ အသက်နှစ်နှစ်မှ ငါးနှစ်အထိ ဆင်ခြေထောက် ကာကွယ်ဆေးတစ်ပြား၊ သန်ချဆေးတစ်ထောင့်၊ ခြောက်နှစ်မှ ၁၄ နှစ်အထိ ဆေးပြားနှစ်ပြားနှင့် သန်ချဆေး တစ်ထောင့်၊ ၁၄ နှစ်အထက် သုံးပြား၊ တစ်ထောင့် တိုက်ကျွေးကြောင်း၊ အပြင်းဖျားနေသူများ၊ အခြားရောဂါတစ်ခုခုကို ပြင်းထန်စွာခံစားနေသူများအား ယခုလောလောဆယ် မတိုက်ကျွေးသေးကြောင်းနှင့် ပြန်လည်ကျန်းမာသည့်အခါ ဆေးတိုက်ကျွေးရမည်ဖြစ်ကြောင်း ဆရာမများက ရှင်းလင်းပြောပြသည်။

“ကျွန်တော်တို့ အောင်မေတ္တာရပ်ကွက်ကအုပ်စု(က၊ခ၊ဂ၊ဃ) လေးအုပ်စုရှိတော့ အချို့မိသားစုတွေဆို အရောင်းအဝယ်၊ အလုပ်အကိုင်ကို မိုးလင်းမိုးချုပ်လုပ်နေကြတော့ ဆေးတိုက်ရက်တွေမှာ မလာနိုင်ကြဘူး။ အဲ့လို မလာနိုင်ကြတဲ့ မိသားစုတွေကို (ခ)အုပ်စုက ရာအိမ်မှူးဦးတိုးလင်း၊ ဆယ်အိမ်မှူးဦးတင်လင်းတို့အဖွဲ့က တာဝန်ယူပြီး အိမ်တိုင်ရာရောက် လိုက်လံတိုက်ကျွေးပေးပြီး လက်ကမ်းစာစောင်များလည်း ဝေငှပေးကြတယ်” ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

ယင်း ဆင်ခြေထောက်ရောဂါသည် သွေးကြောတွင်နေသော သန်ကောင်အမျိုးအစားကပ်ပါးပိုးကြောင့် ဖြစ်ပွားနိုင်ကြောင်း၊ ခြင်ကိုက်ခြင်းကြောင့်လည်း ကူးစက်နိုင်ကြောင်း၊ ဆင်ခြေထောက်ရောဂါပိုးကို သယ်ဆောင်သည့်ခြင်သည် မြောင်းများ၊ ရေပုပ်ရေဆိုးများနှင့် မလုံခြုံသည့် အိမ်သာကျင်းများတွင် ပေါက်ပွားမှုများပြီး ညဘက်တွင် ကိုက်သဖြင့် တချို့လူများတွင် ရောဂါပိုးရှိနေပေမယ့် ရောဂါလက္ခဏာမပြဘဲ ငုပ်နေ၍ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးစားသုံးခြင်းဖြင့် ကာကွယ်သင့်ကြောင်း သိရသည်။ **ခွဲထက်ရှင်**

## အရည်အသွေးမြင့်ရော်ဘာပြားထုတ်လုပ်မှုဆိုင်ရာ ဆွေးနွေးပွဲနှင့် သရုပ်ပြပွဲပြုလုပ်

**သံဖြူဇရပ် ဒီဇင်ဘာ ၂၇**

သံဖြူဇရပ်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ရော်ဘာစိုက်ပျိုးသူ တောင်သူများ၏ ရော်ဘာထုတ်လုပ်မှု အရည်အသွေး တိုးတက်မြင့်မားရေးအတွက် ဆွေးနွေးခြင်းနှင့်လက်တွေ့သရုပ်ပြသခြင်းများကို ဒီဇင်ဘာ ၂၄ ရက်ကပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းနေ့က အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ်ခြင်းလုပ်ငန်း အဆင့်ဆင့် ဆွေးနွေးခြင်းနှင့် လက်တွေ့ကွင်းသရုပ်ပြသခြင်းကို သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာရှိ BRGT ရော်ဘာစိုက်ပျိုးရေးကုမ္ပဏီဝင်းအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ မော်လမြိုင်ခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ငွေငွေစန်း၊ မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးကျင်အိန်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်မို့မို့ခင်တို့က အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ခြင်းနှင့် ဈေးကွက်အလားအလာတို့ကို တောင်သူများအား အသိပေးဆွေးနွေးပြီး BRGT ရော်ဘာစိုက်ပျိုးရေးကုမ္ပဏီ၏စက်ရုံအတွင်း အရည်အသွေးမြင့် ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကာ စက်ရုံတာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။

ယင်းလက်တွေ့ ကွင်းဆင်းသရုပ်ပြပွဲသို့ မြို့နယ်အတွင်းမှ ရော်ဘာတောင်သူ ၄၀ တက်ရောက်ကြောင်း သိရသည်။ **ကျော်ဝင်း (ပြန်/ဆက်)**



## ရဲတပ်ဖွဲ့ဝင်များ စက်ဘီးလှည့်ကင်းဆောင်ရွက်

**မြင်းခြံ၊ ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များသည် ညစဉ် မြင်းခြံမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ရပ်ကင်း၊ ဝပ်ကင်း၊ လှည့်ကင်းများ ဆောင်ရွက်မှုများရှိနေခြင်းကြောင့် မှုခင်းဖြစ်ပွားမှုများ ကျဆင်းလာကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်ရာတွင် စက်ဘီးများဖြင့် လှည့်ကင်းဆောင်ရွက်ကြကြောင်း သိရသည်။လှည့်ကင်းဆောင်ရွက်ရာတွင် အသုံးပြုသော စက်ဘီးများသည် အောက်တိုဘာ ၂၈ ရက်က မြင်းခြံမြို့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်ဇော်ဝင်း ခရီးလှည့်လည်ရောက်ရှိစဉ် ချီးမြှင့်ပေးခဲ့သည့် စက်ဘီးများဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင် (မြင်းခြံ)**

## သဘာဝပိုးမွှားရောဂါကာကွယ်ဆေးနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း နည်းပညာသင်တန်းဖောင်းပြင်မြို့၌ ဖွင့်လှစ်

**ဖောင်းပြင်၊ ဒီဇင်ဘာ ၂၇**

၂၀၁၄-၂၀၁၅ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်သည့် သဘာဝပိုးမွှားရောဂါကာကွယ်ဆေးနှင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မောင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးအေးငွေက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ၂၀၁၄-၂၀၁၅ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။

ဖောင်းပြင်မြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ မြို့နယ်အတွင်းရှိ သင်တန်းသား ၃၀ တို့အား ဒီဇင်ဘာ ၂၆ ရက် မှ ၂၉ ရက်အထိ သင်တန်းပို့ချပေးသွားမည်ဖြစ်သည်။

**ပြန်/ဆက်(ဖောင်းပြင်)**

## ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းနှင့် မှုခင်းကျဆင်းရေး ဆွေးနွေး

**သာစည်၊ ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မြို့မရဲစခန်း မာန်အောင်ရတနာ ဘုရားဓမ္မာရုံ၌ မှုခင်းကျဆင်းရေးနှင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်နှင့် ဒုတိယရဲမှူး ဝင်းမြင့်တို့က မြို့နယ်အတွင်း မှုခင်းကျဆင်းရေး၊မူးယစ်ဆေးဝါး ကာကွယ်တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ပြည်သူ့ရဲတပ်ဖွဲ့မှ အလေးထားဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ယခုတက်ရောက်လာကြသည့် ဆယ်အိမ်စုမှူးများ၊ ရပ်ကွက် ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရပ်ရွာ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ အေးချမ်းသာယာစွာ နေထိုင်နိုင်ရေးနှင့် မူးယစ်ကင်းစင်ရေးတို့အတွက် ပြည်သူ့ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး ကင်းစင်ရေးတို့အတွက် အကြံပြုဆွေးနွေးခဲ့ကြသည်။ **မောင်ကို**

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold
Tah Lee Gold
ကျွန်ုပ်ဆိုင်မှ ၁၅ပဲရည်၊ ၁၆ပဲရည် ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မပြုံစေရ၊ မနီစေရ လုံးဝလုံးဝအာမခံပါသည်။
ကျွန်ုပ်ဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ ဈေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးတစ်ပြားမှ မနုတ်ဘဲပြန်ပေးပါမည်။
စိန်ရွှေရတနာဆိုင်
ကျွန်ုပ်ဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျှော့တွက်မနုတ်ပါ)
“ဆိုင်ဖွင့်ချိန်” နံနက်(၉)နာရီ မှ ညနေ(၆း၄၅)အထိ
စိန်ထည် ရွှေထည်များကို ပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။
● အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်-C/၁၁၊ မြေကွက်အမှတ်(၃၉၇)၊ မြေကွက်တည်နေရာအမှတ်(၃၉၇)၊ ချယ်ရီပတ်လမ်း၊ ရွှေပြည်သာ (ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးမျိုးဆွေ[၄/ဟခန(နိုင်)၀၀၉၅၇၈]ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ထုတ်ပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေငှားစာချုပ်အမှတ်-ရပသ/ဂရသ ၄၀၃/၉၇(၁၁-၆-၉၈)ဖြင့် ထုတ်ပေးခဲ့သော မူလဂရန်အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငှားမည် ( 09 861 3388 )
(၁) တာမွေအောလမ်းမ ( 11000 ) sqft ၊
(၂) ကမာရွတ်၊ စံရိပ်ငြိမ်၊ အင်းစိန်လမ်းမ ၊ ( 12 x 50 ) ၊ မြေညီ+ထပ်ခိုး ၊ Ph ။
ရောင်းမည်
(၃) တာမွေသိုလ်ရှိန်ဘောလမ်း ၊ ( 4000 ) sqft ။

ပေါ်ဆန်းမွှေးပေါင်းပြတ်ပြီ
ပေါ်ဆန်းမွှေးပေါင်း ဒီဇင်ဘာ လအတွင်း ပြတ်ပါမည်၊ ပေါ်ဆန်းမွှေးသစ် ဈေးချိုချိုနဲ့ ရနေပါပြီ၊
0943334111 ☎ 01-682928
0943334222 ☎ 01-682944
စိတ်ကောင်းကြည်လင်ချန်ပီယံပေါ်ဆန်းမွှေး

ဖတ်စရာ

# ဗဒုံမင်း၏သားတော်နှင့်သမီးတော်တို့လှူဒါန်းသော ခေါင်းလောင်းကြီးကိုမဟာမြတ်မုနိတွင်လေ့လာနိုင်

à wdvref



မြန်မာတို့၏ ရိုးရာအစဉ်အလာတွင် ခေါင်းလောင်းသံ၊ကြေးစည်သံများကို ငြိမ်းချမ်းရေးသံစဉ်များဟုပင် ခံယူထားကြသည်။ ခေါင်းလောင်းသံလေးလွင်လွင် ကြေးစည်သံငြိမ့်ညောင်းစွာဖြင့် စေတီဟောင်း၊ စေတီသစ်တို့၏ ရင်ပြင်ပေါ်တွင် ဆုတောင်းခြင်း၊ အမျှဝေခြင်းတို့ ပြုတတ်ကြသည်။ ယင်းကြောင့် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ခေါင်းလောင်းများကိုတွေ့နိုင်သည်။

စေတီတော်၏ ထီးတော်တွင်ချိတ်ဆွဲလှူဒါန်းသော ရွှေငွေကြေး ဆည်းလည်းများမှာ ခေါင်းလောင်းငယ်များပင်ဖြစ်သည်။ခေါင်းလောင်းကြီးများမှ ထွက်ပေါ်လာသော အသံမှာ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းလှသည်။ ထို့အတူပင် ဆည်းလည်းများမှ ထွက်ပေါ်လာသော အသံမှာ စိတ်ကို ငြိမ်းချမ်းစေပေသည်။ခေါင်းလောင်းမှမြည်ဟည်းထွက်လာသော အသံသည် ကြားရသူတို့၏စိတ်နှလုံးကို ကြည်နူးချမ်းမြေ့စေသည်။

ခေါင်းလောင်းသံလွင်လွင် ကြားရသည်နှင့် စိတ်တို့ငြိမ်းချမ်းကာ သုခကိုလက်တွေ့ခံစားရမြဲပင်ဖြစ်ပေသည်။ ခေါင်းလောင်းသံသည် ညစ်ညူးသော အကုသိုလ်စိတ်တို့ကို ပြေပျောက်သက်သာစေပေသည်။ ကြည်ညိုသဒ္ဓါစိတ်ကို ပေါက်ပွားစေသည်။ ဘာသာရေးကိုင်းရှိုင်းမှုကို ထက်သန်အောင် စိတ်နှလုံးကို ညှို့ငင်ဆွဲဆောင်စေသည်။ ထိုအကျိုးတရားတို့ကို သိရှိကာ မိမိပြုသော ကောင်းမှုတို့ကို အများသူငှာရစေရေးအတွက် ခေါင်းလောင်းထိုးခြင်း၊ ခေါင်းလောင်းလှူခြင်းတို့ကို ပြုလေ့ရှိသည်။

မန္တလေးမဟာမုနိဘုရားကြီးတွင် သမိုင်းဝင်ခေါင်းလောင်းများစွာရှိသည်။ ခေါင်းလောင်းပုံသဏ္ဌာန်များတွင် တစ်ပင်တိုင်ခေါင်းလောင်းများလည်းပါဝင်သည်။

ယင်းခေါင်းလောင်းများထဲတွင်သက္ကရာဇ် ၁၁၇၃ ခု တပို့တွဲလပြည့်ကျော်(၆)ရက်က ရတနာသိယ်ကုန်းဘောင်မြို့တော်ကြီးတည် ထောင်တော်မူခဲ့သော အလောင်းမင်းတရားကြီး၏ မြေးတော်အမရပူရမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းတရားကြီး၏ သားတော်(သီရိမဟာဓမ္မဘိဇယသီဟသူရ)ဘွဲ့ခံ အိမ်ရှေ့မင်းသားနှင့် နှမတော် 'သီရိကလျာစန္ဒာဒေဝီ' တို့ လှူဒါန်းသော ခေါင်းလောင်းတော်ကြီးလည်း ပါဝင်သည်။ ခေါင်းလောင်းကြီးမှာ ကြေးပိဿာချိန် ၁၅၀၀ ကျော် (တစ်ထောင့် ငါးရာ) ကျော်ရှိသည်ဟု သိရသည်။

## မိတ္ထီလာတွင် ကင်းထောက်သင်တန်းဖွင့်လှစ်

**မိတ္ထီလာ၊ ဒီဇင်ဘာ ၂၇**

မိတ္ထီလာတွင် ကင်းထောက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ နံနက် ၉ နာရီက အထက (၄)၌ ကျင်းပခဲ့ပြီး ခရိုင်ပညာရေးမှူးဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ကင်းထောက်သင်တန်းဖွင့်ပွဲသို့ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကင်းထောက်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ကင်းထောက်သင်တန်းများကို ၁၉၆၄ ခုနှစ် နောက်ပိုင်းတွင် ဖွင့်လှစ်ခဲ့ပြီး အသက်အရွယ်အလိုက် ကင်းထောက်အဆင့်များကို ခွဲခြားထားကြောင်း၊ ကင်းထောက်သင်တန်းတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နည်း၊ အသင်းအဖွဲ့အလိုက် စခန်းချနည်းစသည့် ပညာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း ခရိုင်ပညာရေးမှူးဦးမြင့်ဆွေက ပြောကြားသည်။

ယင်းနောက် ကင်းထောက်သင်တန်းတာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်စန်းစန်းနုက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ယခင်ကင်းထောက်သင်တန်း တက်ရောက်ပြီးစီးသူ ကင်းထောက်မောင် တစ်ဦးနှင့် ကင်းထောက်မယ် တစ်ဦးတို့က သင်တန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့သည်။ ကင်းထောက် မောင်မယ်များက ရှေ့သို့လှမ်းချီ၊ ပြည်သူ့အတွက်အစဉ်သင့်သီချင်းများဖြင့် သီဆိုဖျော်ဖြေသည်။

ကင်းထောက် သင်တန်းသို့ အထက (၄)မှ ကျောင်းသား ကျောင်းသူ ၆၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ ဖြစ်ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မြို့စိုးတွင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်မည်

**ထန်းတပင်၊ ဒီဇင်ဘာ ၂၇**

တောင်ငူခရိုင် ထန်းတပင်မြို့နယ် မြို့စိုးကျေးရွာတွင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အလှူရှင်မှ လှူဒါန်းသော အလျားပေ ၄၀၀၊ အနံပေ ၄၀၀ရှိ မြေကွက်ပေါ်တွင် နိုင်ငံတော်မှ ကျပ်သိန်း ၅၇၆၀ အကုန်ကျခံ၍ အလျား၁၂၆ ပေ၊ အနံ ၉၈ပေရှိ လူနာဆောင်နှင့်အတူ ပြင်ပလူနာခွဲစိတ်ဆောင်၊ ဆရာဝန်နေရန် တိုက်တစ်လုံး၊ သူနာပြုနေရန် လေးခန်းတွဲတိုက်တစ်လုံး၊ ဝန်ထမ်းများနေရန် လေးခန်းတွဲတိုက်တစ်လုံးနှင့် သုံးခန်းတွဲတစ်လုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထန်းတစ်ပင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ၊ ထူးပြည့်သုခကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ၊ မြေလှူဒါန်းသူအလှူရှင်နှင့် ကျေးရွာရပ်မိရပ်ဖများက ဆေးရုံတည်ဆောက်ရန်အတွက် ပန္နက်ရိုက်ပေးခဲ့ကြောင်းသိရသည်။

**ဌေးနိုင်(ပဲခူး)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# ချိုက်ကျေးရွာရှိ အိမ်ခြေထက်ဝက်နီးပါး ပန်းပဲလုပ်ငန်းလုပ်ကိုင်၍ဝင်ငွေရှာ

**ပခုက္ကူ၊ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ချိုက်ကျေးရွာ၌ အိမ်ခြေ ၃၅၀ ရှိသည့်အနက် အိမ်ခြေ ၁၅၀ ခန့်မှာ ပန်းပဲလုပ်ငန်းလုပ်ကိုင်၍ ဝင်ငွေရှာကြကြောင်း သိရသည်။

ယင်းဒေသ၌ ပန်းပဲလုပ်ငန်း လုပ်ကိုင်ရာတွင် အထည်ညှပ်ကတ်ကြေး၊ ဆံပင်ညှပ်၊ ရွှေဖြတ်၊ ကွမ်းညှပ်၊ ပန်းပင်ဖြတ်ရာတွင် ညှပ်သည့် ပန်းပင်ညှပ်ကပ်ကြေး စသည့်ပစ္စည်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

အဆိုပါ ပန်းပဲလုပ်ငန်းတွင် သက်တမ်းရှည်စွာ လုပ်ကိုင်ခဲ့သူတစ်ဦးက ယခင်က ပန်းပဲလုပ်ငန်းလုပ်ကိုင်ရာတွင် ပိုက်လုံးသံဖြင့် ပြုလုပ်ရသဖြင့် ကုန်ကြမ်းပြတ်မှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအခါ အိမ်ဆောက်ပစ္စည်းများတွင် သုံးသည့် ငါးမူး၊ သုံးမတ် သံချောင်းများဖြင့် ဆောင်ရွက် အသုံးပြုသည့်အတွက် ယခုဆိုလျှင် အချိန်မရွေး လုပ်ကိုင် ဆောင်ရွက်နိုင်ပြီး အထည်ညှပ် ကတ်ကြေး လုပ်ကိုင်သူတစ်ဦးသည် တစ်နေ့လျှင် လေးချောင်းခန့် လုပ်ဆောင်နိုင်ကြောင်း၊ ကတ်ကြေးတစ်ချောင်း၏ အရင်းမှာ ငွေကျပ် ၃၅၀ ရှိပြီး ပြန်ရောင်းရသည့် ဈေးမှာယခင် ၁၁၀၀ ကျပ်မှ ယခု ကျပ် ၁၃၀၀ အထိ ရောင်းချရသောကြောင့် ကတ်ကြေး တစ်ချောင်းလျှင် ကျပ် ၉၅၀ ကျန်ရှိကြောင်း၊ လေးချောင်း လုပ်ကိုင်ပါက ကျပ် ၃၈၀၀ရရှိသောကြောင့် မိသားစု ဝင်ငွေတိုးပွားလျက်ရှိကြောင်း ပန်းပဲလုပ်ငန်းဖြင့် အထည်ကိုက်ကတ်ကြေးများ လုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ ကတ်ကြေးများ ဝယ်ရောင်းလုပ်ကိုင်သူ တစ်ဦးက မိမိကျေးရွာပန်ဘဲဖိုများမှ ထွက်ရှိသည့် ပစ္စည်းများအား ရရှိသလောက် ဝယ်ယူပြီး မကွေး၊ ရန်ကုန်၊ မန္တလေးနှင့် (၁၂)ပွဲ ပွဲတော်များတွင် လိုက်လံရောင်းချသည့် သံထည်ပစ္စည်းဆိုင်များသို့ သွားရောက်ရောင်းချသည်ဟုပြောသည်။

**ဇော်ထက်(သရက်)**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၃/သမိုင်း၊ မြေကွက်အမှတ်(၅/က^{၁A})၏ အစိတ်အပိုင်း (၈၁'/၈၄'×၃၈'/၃၅')၊ မြေကွက်တည်နေရာအမှတ်(၆၂)၊ ဗိုလ်ညဏလမ်း၊ ၉မိုင်၊ ၅ရပ်ကွက်၊ မရမ်းကုန်း (K ဆင့်ရောင်၊ K ထွန်းဖြူ) အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ)မြေအား အမည်ပေါက်များထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၄၁၅/၁၉၉၄(၂၁-၃-၁၉၉၄)ဖြင့် ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးချူချင်ပိုတို့မှ ပိုင်ဆိုင်လာပါသည်။ ၎င်းတို့ထံမှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၆၆/၂၀၁၂၊ တရားမဇာရီမှုအမှတ် ၉၉/၂၀၁၂(၂၇-၈-၂၀၁၂)၊ အရောင်းအဝယ်စာချုပ်အမှတ်-၃၂၅၁/၂၀၁၄(၃၀-၆-၂၀၁၄)တို့ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်မေရီလှ[၉/မရမ(နိုင်)၀၇၀၄၇၃]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်-၄၁၅/၉၄၊ တရားရုံးအထောက်အထား၊ အရောင်းအဝယ်စာချုပ်-၃၂၅၁/၂၀၁၄ (၃၀-၆-၂၀၁၄)တို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### တိုက်ခန်းရောင်းမည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ ၄၇-လမ်းထိပ်၊ ပထမထပ်၊ ပေ(၁၅×၅၅)၊ အမြင့်(၁၄)ပေ၊ ထပ်ခိုး(၅၀%) ရေမီးကိုယ်ပိုင်၊ အရှုပ်အရှင်းကင်း။

ဖုန်း-၀၉-၃၀၀၆၃၁၄၁

### တိုက်ခန်းကို လက်ရှိထားပိုင်ရှင်ရှိပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့မိတ်ဆွေသည် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၅၀/၁၅၂)ဟုခေါ်သည့် နှစ်ခန်းတွဲ( ၈၅ထပ် )(ခေါင်မိုးပါ) တည်ဆောက်နေဆဲ ကန်ထရိုက်တိုက်မှ(၆-လွှာ)(ဗဲဘက်) အခန်းအမှတ်(၀၀၆-ဘီ)တိုက်ခန်းကို ကန်ထရိုက်တာ ဦးကျော်မြင့်(၁၂/မဂတ(နိုင်)၀၄၉၂၄၂)( Father Land-ဆောက်လုပ်ရေး)ထံမှ တန်ဖိုးငွေအပြေအကျေပေးချေ၍ ဝယ်ယူထားခဲ့ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေသည် အဆိုပါတိုက်ခန်းကို ပိုင်ဆိုင်မှုဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ တရားဝင်လက်ရှိထားပိုင်ဆိုင်နေပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ အဆိုပါတိုက်ခန်းကို တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ အကျိုးဖျက်ဆီးခြင်းတို့ ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

ဦးသန့်ဇင် ( LL-B ) — အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — Ph-09-731 70516

ဒေါ်ဟန်နွေနိုင် ( LL-B ) — အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) — Ph-09-4200 73685

အမှတ်( ၅၀ )၊ ပထမထပ်၊ အခန်း( D-2 )၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဦးအုန်းသန်း [၁၂/ဗတထ(နိုင်)၀၁၁၀၉၀] (ကစ) ဦးတင်ကိုလတ် [၁၂/မရက(နိုင်)၁၁၇၃၉၉](မှ) | ဒေါ်မြင့်မြင့်မွန် [၁၄/ပသန(နိုင်)၀၁၂၉၁၄] | တိုက်အမှတ်(၂)၊ အခန်းအမှတ်(၁၄)၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

### စိန်ငါးလုံး အဆီကျဝမ်းမှန်ဆေး

အဝလွန်ခြင်း၊ အသည်းနှလုံးအဆီဖုံးခြင်း ခေါင်းအုံခေါင်းခဲခြင်း၊ဆီးဝမ်းလေချုပ်ခြင်း စမြင်းဒေါသရှိခြင်း၊ ဝမ်းသွားအားမရခြင်း တို့အတွက် စိန်ငါးလုံးဆေး ကိုသောက်ပါ။

စိန်ငါးလုံး ဆေးတိုက် - အမှတ်-ဆ-၁၀၁၊ ခေမာသီ(၄)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၀ ၅၅၃၅၇

### အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မြမြခင်၊ ဒေါ်နုနု၊ ဒေါ်နွယ်နွယ်ဦး အပါအဝင် မောင်နှမ(၆)ဦး အမည်ပေါက် မြေတိုင်းရပ်ကွက်-၅၂၊ မြေကွက်အမှတ်-၄၀I/၂၊ အမှတ်(၈၅)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၏ မြေငှားဂရန်စာချုပ်မူရင်းများ ပျောက်ဆုံးလျက်ရှိနေပါသဖြင့် တွေ့ရှိထားသူများအား ပိုင်ရှင်ထံ ဆက်သွယ်အကြောင်းကြားပေးပို့ပေးပါရန်နှင့် လက်ဝယ်ထားရှိသူများအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်မြမြခင်၊ ဒေါ်နုနု၊ ဒေါ်နွယ်နွယ်ဦးတို့၏ တင်ပြလွှဲအပ်ချက်အရ

ဒေါ်ရင်ရင်စန်း (LL.B)

အထက်တန်းရှေ့နေ (စဉ်-၂၂၅၈၂)

အမှတ်(၅၉၈)၊ မင်းစေတီလမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်။

ဖုန်း-၀၉-၄၂၀၂၆၉၂၄၇

# ပြည်မြို့တွင်ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအသိပေး

**ပြည်၊ ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံ ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများ အသိပေးဆွေးနွေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ခရိုင်ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးအေးမိုးက ဝက်သက်ရောဂါနှင့်ဂျိုက်သိုးရောဂါ လက္ခဏာဆိုင်ရာနှင့် ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ခရိုင် ခြောက်မြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆိုင်ရာများတွင် ကဏ္ဍအလိုက်ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အခြေအနေများကို အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၂ ရက်အထိကို ပထမအကြိမ်၊ ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၂ ရက်အထိကို ဒုတိယအကြိမ် ရပ်ကွက်/ကျေးရွာ အသီးသီးရှိ အုပ်ချုပ်ရေးမှူးရုံးများ၊ စာသင်ကျောင်းများနှင့် ဓမ္မာရုံများတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ တစ်ဖွဲ့လျှင် ဆရာဝန်တစ်ဦးစီ ဦးဆောင်ပါဝင်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနေ့က ဆွေးနွေးပွဲသို့တက်ရောက်လာကြသော တာဝန်ရှိသူများအား ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဆရာဝန်ကြီးဦးတင်ရွှန်းက ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို လူထုလှုပ်ရှားမှုတစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး တိုက်တွန်းပြောကြားခဲ့သည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ပဲစင်းငုံ မျိုးကွဲငါးမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ခင်းကို တောင်သူများအား လက်တွေ့ပြသပြီး ပညာပေးဆွေးနွေး

**မလှိုင်၊ ဒီဇင်ဘာ ၂၇**

တောင်သူများအတွက် ဒေသ ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ စမ်းသပ်စိုက်ပျိုးထားသော ပဲစင်းငုံမျိုးကွဲငါးမျိုး ယှဉ်ပြိုင်စမ်းသပ် စိုက်ခင်းကို ဒီဇင်ဘာ ၂၃ ရက်က တောင်သူများအားလက်တွေ့ပြသပြီး တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က လယ်ကြီးကျေးရွာ တောင်သူဦးကျော်တင့်၏ ကွင်းအမှတ် (၂၈၀) ရှိ ပဲစင်းငုံစိုက်ခင်းတွင် စမ်းသပ်စိုက်ပျိုးထားသော ရေဆင်း(၇)မျိုး၊ ရေဆင်း(၉)မျိုး၊ မုံရွာရွှေဒင်္ဂါးမျိုး၊ မလှိုင်ရွှေ ဒင်္ဂါးမျိုးနှင့် ညောင်ဦးရွှေဒင်္ဂါးမျိုး၊ ပဲစင်းငုံမျိုးကွဲငါးမျိုးယှဉ်ပြိုင် စိုက်ပျိုးထားရှိမှုကို တောင်သူများအား လက်တွေ့ပြသခဲ့သည်။

ယင်းနောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးမင်းက မျိုးကောင်း၊ မျိုးသန့်ရွေးချယ် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာအကြောင်းကို ပညာပေးဆွေးနွေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းယုက ပဲစင်းငုံမျိုးကွဲငါးမျိုး စမ်းသပ်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် မျိုးကွဲအလိုက် တစ်ခုချင်းစီ၏ အပင်ဖြစ်ထွန်းမှု၊ ကိုင်းဖြာထွက်မှု၊ အပွင့်ဝင်ချိန်၊ အသီးအတောင့်ပါရှိမှု၊ ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိမှု၊ အပင်သက်တမ်းစသည့် အရည်အချင်းများကို တောင်သူများအား လက်တွေ့ ရှင်းလင်းပြသကာ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကို စိုက်ပျိုးကြရန် မှာကြားခဲ့သည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဌာနမှ ပိုးမွှားတာဝန်ခံ ဒေါ်အေးအေးမြင့်က ပဲစင်းငုံအဖူး၊ အပွင့်ဝင်ချိန် ကျရောက်တတ်သော ပိုးမွှားကို ကာကွယ်ရန် သုံးစွဲရမည့် ပိုးသတ်ဆေးများအကြောင်းကို ပညာပေးဆွေးနွေးခဲ့ပြီး REVEAL စီမံကိန်းတာဝန်ခံ ဦးအောင်ဇော်ဦးက DOA နှင့် ချိတ်ဆက်ဆောင်ရွက်နေပုံများကို ရှင်းလင်း ပြောကြားခဲ့သည်။

တောင်သူပညာပေး လက်တွေ့ကွင်းသရုပ်ပြပွဲသို့ မလှိုင်မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မလှိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ REVEAL စီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့် စီမံကိန်းကျေးရွာ ၁၈ ရွာမှ တောင်သူ ၆၂ ဦး တက်ရောက်ခဲ့ကြပြီး တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှတာဝန် ရှိသူများ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



# ပုဗ္ဗသီရိမြို့နယ်၊ ဇလုပ်ကြီးကျေးရွာ အဝင်လမ်း၌ ကတ္တရာလမ်းသစ်ဖွင့်

**နေပြည်တော်၊ ဒီဇင်ဘာ ၂၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇလုပ်ကြီးကျေးရွာ အဝင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ၂၆ ရက်နံနက်ပိုင်းက အဆိုပါလမ်းထိပ်ရှိ မင်္ဂလာနေရာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါလမ်းဖွင့်ပွဲသို့ နေပြည်တော် ကောင်စီဝင် ဦးသန်းဌေး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်ဦးကျော်မြင့်နှင့် ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးအောင်မိုးက ပုဗ္ဗသီရိမြို့နယ်၊ ဇလုပ်ကြီးကျေးရွာ အဝင်လမ်း ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးသိန်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် ဇလုပ်ကြီးကျေးရွာ အဝင်လမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင်ဦးသန်းဌေး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးကျော်မြင့်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်တို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယနေ့ဖွင့်လှစ်သည့် ပုဗ္ဗသီရိမြို့နယ်၊ ဇလုပ်ကြီးကျေးရွာ အဝင်လမ်း ကတ္တရာလမ်းသည် အရှည်ပေ ၂၀၀၀ ရှိပြီး ယခင်မြေသားလမ်းသည် ဒေသခံပြည်သူများ သွားလာရန် ခက်ခဲမှုများရှိနေသည့်အတွက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ ကတ္တရာလမ်းသစ် ဖောက်လုပ်ပေးခြင်းအတွက် ကျေးရွာနေပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**

# တွန်းဖုံမြို့နယ်၌ ကျန်းမာရေးစစ်ဆေးမှုနှင့် အခမဲ့ဆေးဝါးကုသမှု ကွင်းဆင်းဆောင်ရွက်

**တွန်းဖုံ၊ ဒီဇင်ဘာ ၂၇**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဖုံမြို့နယ် ဆဲဘောက်ကျေးရွာအုပ်စု စိန်းတူမ်းကျေးရွာတွင် ဒီဇင်ဘာ ၂၂ ရက်က ဒေသခံ ကျေးလက်ပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်သည့်နေရာသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးကျင့်လျန်းပေါင်၊ တွန်းဖုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းစည်သူ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သက်မွန်ကျော်နှင့် တွန်းဖုံမြို့နယ် ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမများ လိုက်ပါခဲ့သည်။ ယင်းနေ့က မကျမ်းမာသူဒေသခံ ၉၃ ဦးတို့အား ကျန်းမာရေးစစ်ဆေးမှုနှင့် အခမဲ့ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့သည်။

**ဇိုဟေဆာ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-စီ)မြေကွက်အမှတ်(၁၈၅)၊ မြေကွက်တည်နေရာအမှတ်(၄၀)၊ ၁၄၇လမ်း၊ အရှိုးကုန်းရပ်ကွက် ဒေါက်တာဒေါ်စီစီ အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်ဒေါက်တာဒေါ်စီစီထံမှ အပိုင်ပေးစာချုပ် ၁၈၃/၈၃၊ ၂၄-၃-၁၉၈၃အရ ဒေါက်တာ ခင်သိုက်ဝင်းမှ ပိုင်ဆိုင်ခဲ့ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၂၁/၂၀၁၄(တရားလိုဦးစည်သူညဏ်ဝင်းကတရား ပြိုင်ဒေါက်တာခင်သိုက်ဝင်းအပေါ် မြေနှင့်အိမ်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုလို့မှု)နှင့် တရားမဇာရီမှုအမှတ်-၉၁/၂၀၁၄အမိန့်တို့အရ တရားရုံးဒေါက်တာခင်သိုက်ဝင်း ကိုယ်စား ဘီးလစ်အရာရှိ ဒေါ်မင်းမင်းကြိုင်က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရောင်းမည်

ပြင်ဦးလွင်-မန္တလေး-လားရှိုးလမ်း အနီး၊ ပဒေသာမြို့သစ် ပေ(၄၀×၆၀) ဂရန်မြေ (အိမ်၊ ရေ၊ မီး)

ဖုန်း-၀၉-၇၃၂၂၀၆၃၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၈၄၊၈၅)၊ မြေကွက်တည်နေရာအမှတ်(၈၄၊၈၅)၊ သုခမ္မာလမ်း၊ ဒေါ်တင်မိုးသူ[၁၂/ဥကမ(နိုင်)၀၇၇၆၄၃]၊ ဦးသန်းထိုက်[၁၂/ဥကမ(နိုင်)၁၂၆၂၆၉]၊ ဦးလပြည့်[၁၂/ဥကမ(နိုင်)၂၀၁၆၁၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၃)ဦးအနက် ခင်ပွန်းဦးသန်းထိုက် ကွယ်လွန်သဖြင့် ဒေါ်ခင်သန္တာထွန်း[၁၂/ဥကမ(နိုင်)၀၀၉၃၆၆]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ဦးသန်းထိုက်အစုအတွက် ကျန်ပူးတွဲအမည်ပေါက် ဒေါ်တင်မိုးသူ၊ ဦးလပြည့်တို့နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကံခေါင်း၊ မေတ္တာလမ်း၊ အမှတ်(၄၁၇)နေကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသန်း[၆/မအရ(နိုင်)၀၇၉၃၆၁]သည် ဒေါ်သူဇာ[၁၂/မဂတ(နိုင်)၀၇၂၅၈၈](Father Land Construction)ထံမှ ၎င်းရောင်းချပိုင်ခွင့်ရှိသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၇၆/ဘီ)၂လွှာ(အီး)စတုရန်းပေ(၁၄၅၀)အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီးနောက် (၉-၇-၂၀၁၃)ရက်တွင် "ကြိုပွိုင့်စနစ်ဖြင့် ကွန်ဒိုတိုက်ခန်းအပြီးအပိုင်အပျောက်အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆိုခဲ့ကြပါသည်။ ထို့နောက် ၁၂-၂-၁၀၁၄ရက်စွဲပါ ကတိစာချုပ်အရရောင်းချသည့် ကွန်ဒို တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေအား တိုက်သစ်ဆောက်လုပ်ပြီးစီးသောအခါ လူနေထိုင်ခွင့် လက်မှတ်စာနှင့်တကွ အခန်းကိုလက်ရောက်အပ်နှံမည်ဖြစ်ကြောင်း ဒေါ်သူဇာမှထပ်မံ၍ ဝန်ခံကတိပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်သူမှာ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသန်း[၆/မအရ(နိုင်)၀၇၉၃၆၁]၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာမာသိန်း(**LL.B**) တရားလွှတ်တော်ရှေ့နေ(စဥ်-၈၇၉၂)
အမှတ်(၄၉)ပထမထပ်၊ ၈၉လမ်း၊ ကန်/အနောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၇၃၃၊ ၀၉-၄၃၀၆၉၇၆၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄+၂၆)၊ သုမင်္ဂလာအိမ်ရာ(၂)၊ မြေကွက်အမှတ်(ဂ၈)ဟုခေါ်တွင်သော မြေဧရိယာ(၀.၂၀၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက် ဦးထက်ညီ (၁၂/ကမရ(နိုင်)၀၃၃၄၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးအောင်မျိုးသန့် စဥ်-၁၀ဂ၇၉ | ဒေါ်ဝါဝါခိုင် စဥ်-၃၇၁၁၈ LL.B, D.B.L |
| (ဥပဒေအတိုင်ပင်ခံအကျိုးဆောင်) | ဒေါ်ယမင်းထွေး စဥ်-၃၅၀၆၆ LL.B |
| B.A (Eco), H.G.P, | ဦးဗိုလ်ဗိုလ်ဇော် စဥ်-၃၈၄၆၉ LL.B, D.B.L |
| Diploma in Business Law | ဒေါ်သော်သော်စန္ဒီဦး စဥ်-၃၉၉၉၀ LL.B |
| WIPO, D.L.P (Switzerland) | ဦးဝင်းသူရဇော် စဥ်-၄၂၀၆၆ LL.B |
| | ဒေါ်လွင်မာဦး စဥ်-၄၅၀၄၄ LL.B, D.B.L |

အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ဖုန်း-၀၉၇၃၀၇၀၉၀၇

## မလှလှဝင်း(ခ)မအေးမြကြည်[၁၁/မပန(နိုင်)၀၀၃၅၅၀]သိရှိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်(၁၄/၄လွှာ) ခြေရင်းခန်းနေ ဦးမင်းသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာလိုက်ပါသည်။

မလှလှဝင်း(ခ)မအေးမြကြည်သည် (၁၄-၁၂-၂၀၁၄)ရက်တွင် ခင်ပွန်းဖြစ်သူ ကျွန်ုပ်အမှုသည်နှင့်စကားများပြီး ဦးမင်းသိန်းနေအိမ်၌မရှိခိုက် ကျွန်ုပ်အမှုသည်၏ကား၊ ရွှေငွေ အတွင်းပစ္စည်းများနှင့်သားငယ်နှစ်ဦးတို့ကိုခေါ်ဆောင်ကာ နေအိမ်မှဆင်းသွားပါသည်။ ကျွန်ုပ်အမှု သည်က အကြိမ်ကြိမ်ဆက်သွယ်သော်လည်း ပြန်လည်ဆက်သွယ်ခြင်းမရှိဘဲနေထိုင်လျက်ရှိပါသဖြင့် မလှလှဝင်း(ခ)မအေးမြကြည်၏ လိုအပ်ချက်များကို ကျွန်ုပ်ထံတင်ပြနိုင်ပါသည်။ ကျွန်ုပ်ကညှိနှိုင်းဆွေးနွေးဖြေရှင်းပေးရန်ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်နှင့်အမြန်ဆုံးဆက်သွယ်ပါရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
(ရွှေကျွန်း)ဦးစိန်ဝင်း **B.A,R.L**
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၇၉)
တိုက်(၁)အခန်း(၁၀၂)ပထမထပ်၊ သာဓုအိမ်ရာ ဇ/တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

# ရန်ကုန်၌ မော်တော်ယာဉ်တင်သွင်းရန် လျှောက်ထားရာတွင် အခကြေးငွေ ပေးဆောင်ရန်မလို

**ရန်ကုန်၊ ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် မော်တော် ယာဉ် တင်သွင်းခွင့် လျှောက်ထားခြင်းကို ကားပါကင်ရှိမှခွင့်ပြုမည်ဖြစ်ပြီး လျှောက် ထားရာတွင် အခကြေးငွေတစ်စုံတစ်ရာပေးဆောင်ရန် မလိုအပ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်လျက်ရှိသဖြင့် မော်တော် ယာဉ် တင်သွင်းခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လျှောက်ထားရမည် ဖြစ်ပြီး လျှောက်ထားသူသည် သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှာ တရားဝင်ထုတ်ပေးထားသော အိမ် ထောင်စုလူဦးရေစာရင်းတွင် လျှောက်ထားသူပါဝင်သည့် လိပ်စာဖြင့် လျှောက် ထားရမည်ဖြစ်ကြောင်း သိရသည်။

"မော်တော်ယာဉ်တင်သွင်းတာကို လ-ဝ-က ကတရားဝင်ထုတ်ပေးထား တဲ့ အိမ်ထောင်စုစာရင်းနဲ့ သက်ဆိုင်ရာ ရပ်ကွက်ရုံးတွေမှာ လျှောက်ထား လို့ရပါတယ်။ သတ်မှတ်ထားတဲ့ ပါကင်အကျယ်အဝန်းရှိဖို့ လိုပါတယ်။ လျှောက်ထားတဲ့အခါ မည်သည့်အခကြေးငွေမှ ပေးဖို့မလိုပါဘူး။ ကားပါကင် ရှိမှ မော်တော်ယာဉ်တင်သွင်းခွင့်ပြုလိုက်တာဟာလည်း လက်ရှိ ရန်ကုန်မှာ ယာဉ်အစီးရေ ထပ်မံများပြားလာမှာကို ကန့်သတ်လိုက်တဲ့သဘောပါပဲ" ဟု တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတာဝန်ရှိသူတစ်ဦးက ပြောသည်။

မော်တော်ယာဉ်တင်သွင်း လျှောက်ထားသူသည် ယာဉ်ငယ်များ တင်သွင်း ပါက အလျား ၁၅ ပေ၊ အနံ ၈ ပေ (၁၂၀ စတုန်းရန်း) ပေရှိရမည်ဖြစ်ပြီး လုပ်ငန်းသုံးယာဉ်များအတွက် အလျား ၂၀ အနံ ၁၀ ပေ (၂၀၀ စတုန်ရန်းပေ) ရှိကြောင်း အထောက်အထားပြသနိုင်မှသာ ကားတင်သွင်းခွင့် လက်မှတ်ရရှိ မည်ဖြစ်ကြောင်း သိရသည်။

မော်တော်ကား တင်သွင်းရန်အတွက် လျှောက်ထားရာတွင် စည်ပင် သာယာပိုင် လမ်းမြေနှင့်အများပြည်သူများ အသုံးပြုရန် သတ်မှတ်ထားသည့် မြေနေရာတွင် ကားပါကင်ရှိကြောင်း အထောက်အထားပြသ၍ မရဘဲ မိမိ ကိုယ်ပိုင်မြေနေရာရှိသူများသာ လျှောက်ထားရမည်ဖြစ်ပြီး ကွန်ဒို၊ တိုက်ခန်း များတွင်နေထိုင်သူများအနေဖြင့် ကားတင်သွင်းခွင့်လျှောက်ထားနိုင်ရန် အတွက် အထပ်မြင့် ယာဉ်ရပ်နားစခန်းများတွင် ကားပါကင်ရှိကြောင်း အထောက်အထားပြသနိုင်ပါက တင်သွင်းနိုင်ကြောင်း သိရသည်။

**ကေသိန်းဆွေ**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း တိုးတက်မှုအခြေအနေ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ၊ ဒီဇင်ဘာ ၂၇**

မြစိမ်းရောင်စီမံကိန်းကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများတိုးတက်မှုအခြေ အနေများအား ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူးဒေါက်တာ ဝင်းမြင့်သိန်း၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးမြင့်အောင်၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မိတ္ထီလာမြို့နယ်တွင် ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်အတွင်း ကျေးရွာငါးရွာကို ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုမည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း မှ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ပံ့ပိုး၍ အဆိုပါငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများမှ တစ်ပိုင် တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ အသေးစား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်း များကို အတိုးနှုန်းသက်သာစွာဖြင့် ချေးယူ၍ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်လာ ကြရာ အောင်မြင်မှုရှိကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများရရှိသဖြင့် သဘွတ်ကုန်း ကျေးရွာ၊ ဆပ်ပြာကျင်းကျေးရွာနှင့် အိုးမတွေ့ကျေးရွာများတွင် မူလက မွေးမြူ ရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်လျက်ရှိရာမှ တွင်တွင်ကျယ် ကျယ် စီးပွားဖြစ် မွေးမြူလျက်ရှိပြီး ဆည်ကုန်းကျေးရွာသည် မူလက ခရမ်းချဉ်သီးနှင့် မုန်လာစိုက်ပျိုးရေးကို ဆောင်ရွက်လျက်ရှိသည်။ ယခင်က မူလမွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းကိုသာ လုပ်ကိုင်လျက်ရှိရာမှ ယခုအခါ အသေးစားလယ်ထွန်စက်ကို နှစ်ဦးပေါင်း ချေးငွေရယူပြီး စိုက်ပျိုး ရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်လာနိုင်ကြသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မှ မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများဖြစ် သည့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မိသားစု ဝင်ငွေတိုးပွားရေး လုပ် ငန်းများ လုပ်ကိုင်နိုင်ရန် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာအုပ်စုတစ်အုပ်စုလျှင် ကျေးရွာ တစ်ရွာနှုန်းဖြင့် ဆောင်ရွက်သွားရန် လျာထားကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဆောက်လုပ်ဆဲကျေးရွာ စာကြည့်တိုက်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဒီပဲယင်း၊ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဒီပဲယင်းမြို့နယ် လက်တီး ကျေးရွာ ပညာဘဏ်တိုက်စာကြည့် တိုက် ဆောက်လုပ်နေမှုကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီက ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင် လင်း၊ ခတ်ပုံကျွမ်းကျင်(၂) ဦးသိန်း ထွန်းအောင်တို့က သွားရောက်ကြ ပြီး စာကြည့်တိုက်ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီများနှင့် တွေ့ဆုံ ကာ ဆွေးနွေးညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ ယင်းစာကြည့်တိုက် ဆောက်လုပ်ရန် ဆင်းရဲမှုလျှော့ချ ရေးမှထောက်ပံ့ငွေကျပ်၁၀ သိန်း ကျေးရွာ ပြည်သူများ ထည့်ဝင်လှူ ဒါန်းငွေ ကျပ် ၃၀ သိန်း စုစု ပေါင်း ကျပ် ၄၀ သိန်းခန့် အကုန်ကျခံမည် ဖြစ်သည်။ **သိန်းထွန်း(ဒီပဲယင်း)**

# ပိုးသတ်ဆေးများရောင်းချနေမှု မလှိုင်မြို့၌ ကွင်းဆင်းစစ်ဆေး

**မလှိုင်၊ ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ပိုးမွှား တာဝန်ခံ ဒေါ်အေးအေးမြင့်နှင့် ဝန်ထမ်းများသည် မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီး မှူး ဦးစန်းယုသည် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲပိုင်း က မလှိုင်မြို့နယ်အတွင်းရှိ ပိုးသတ်ဆေးရောင်းချ နေသော စိုက်ပျိုးရေးဆေးဆိုင်များနှင့် ပိုးသတ်ဆေး အရောင်းဆိုင်များကို ဝင်ရောက်စစ်ဆေးခဲ့ကြောင်းသိရ သည်။

အဆိုပါနေ့က မြို့ပေါ်ရပ်ကွက်များရှိ စိုက်ပျိုးရေးဆေး ဆိုင်များနှင့် ဈေးကြီးအတွင်းရှိ ပိုးသတ်ဆေးဆိုင်များ ကို ဝင်ရောက်စစ်ဆေးခဲ့ပြီး ပိုးသတ်ဆေးများ ရောင်းချမည် ဆိုပါက ရောင်းချခွင့်လိုင်စင်ပြုလုပ်ရေး၊ လိုင်စင်ရရှိ ပြီး ဆိုင်များအနေဖြင့်လည်း (CPA)သင်တန်း တက်ရောက် ပြီးမှသာ ရောင်းချသွားရန်နှင့် တရားမဝင်ပိုးသတ်ဆေး များ၊ မြန်မာစာအညွှန်းမပါရှိသော ပိုးသတ်ဆေးများ ကို ရောင်းချခြင်းမပြုလုပ်ရန် အသိပေးဟောပြောခဲ့ ကြောင်းသိရသည်။ **အောင်ဌေး(မလှိုင်)**

# မင်းတပ်တွင် ကျေးရွာချင်းဆက် မြေသားလမ်း တာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်

**မင်းတပ်၊ ဒီဇင်ဘာ ၂၇**

ချင်းပြည်နယ် မင်းတပ်မြို့နယ် အတွင်း ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေး နှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင် ရွက်လျက်ရှိသည့် ပန်းစခန်း-လှိုမ္ဗ ဆန်း-ဖိုးခိုယို ကျေးရွာချင်းဆက် မြေသားလမ်းအတိုင်းအတား ၁၄/ ဝဝ မိုင်၊ ၁၈ ပေအကျယ် တာချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ ရက်၌ ခရိုင်ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင် ဦးစီးမှူး ဦးခိုင်ထွန်းက ကွင်းဆင်း စစ် ဆေးခဲ့သည်။

